# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၃၂၈)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားကြသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ●



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

## ကျန်ရစ်ခဲ့မှာကို စိုးရိမ်ပါသည်

**မူဝါဒလမ်းစဉ်(၇)ရပ်မှာ မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ်ဖော်ဆောင်ရန်အတွက် မည်သည့်အဖွဲ့အစည်းက လုပ်ဆောင်သည်ဖြစ်စေ၊ မလွဲမသွေ လုပ်ဆောင်ရမည့် အဆင့်များဖြစ်၊ ထိုအဆင့်အားလုံးတွင် NLD သည် ပါတီဝင် တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အဖွဲ့အစည်း အနေဖြင့်လည်းကောင်း တာဝန်သိသိ စည်းကမ်းရှိရှိဖြင့် ပါဝင်သင့်ကြ၊ ထိုသို့မဟုတ်ဘဲ ယခုလက်ရှိကျင့်သုံးနေသည့်အပြုအမူ၊ အကျင့်အကြံ၊ မူဝါဒများကိုသာ ဆက်လက်ကျင့်သုံး လုပ်ဆောင်နေမည်ဆိုလျှင် NLD အနေဖြင့် မိဘ၏ အမွေပြတ်စွန့်လွှတ်ခြင်းကိုခံရသော သားသမီးကဲ့သို့ပင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ အပြင်သို့ စွန့်ထုတ် ပစ်ပယ်ထားခြင်းခံရမည်ကို စိုးရိမ်မိ။**

ဗညားအောင်၏ ဆောင်းပါး (စာ ၈၊ ၉ နှင့် ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၉ ရက်)

# ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်နှင့် လမ်းစည်းကမ်းလိုက်နာ

မြန်မာနိုင်ငံတွင် မြို့ပြများ တိုးတက်လာသည်နှင့်အမျှ မော်တော်ယာဉ်စီးရေ များပြားလာသည်။

မော်တော်ယာဉ်များ များပြားလာမှုနှင့်အတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းသူအချို့ကြောင့် မော်တော်ယာဉ် မတော်တဆမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။

ယခုအခါ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာက အချက်ပြမီးပွိုင့်များ၊ လူကူးမျဉ်းကျားများ၊ လူသွားလမ်းများ၊ ခုံးကျော်တံတားများ ဖြည့်ဆည်းပေးထားသည်။

မော်တော်ယာဉ်မောင်းနှင်သူ အချို့သည် သတ်မှတ်မိုင်ထက် အရှိန်နှုန်းထက် ပို၍မောင်းနှင်ခြင်း၊ တစ်စီးနှင့်တစ်စီး လမ်းကြောင်းမှားယွင်းစွာ ကျော်တက်ခြင်း၊ ပြိုင်မောင်းခြင်းတို့ကြောင့် ယာဉ်အန္တရာယ်များ ဖြစ်ပေါ်စေသည်။

ထို့အတူ ခြေကျင်လျှောက်သူများသည် သတ်မှတ်လူကူးမျဉ်းကျားမှ မကူးခြင်း၊ လူသွားစင်္ကြံမှ မလျှောက်ဘဲ ကားလမ်းပေါ်သို့ ဆင်းလျှောက်ခြင်း၊ ဂရုတစိုက် သတိထား၍ လမ်းဖြတ်ကူးမှု အားနည်းခြင်းတို့ကြောင့် ယာဉ်အန္တရာယ်များနှင့် ကြုံတွေ့ရလေ့ရှိသည်။

ယာဉ်မောင်းနှင်သူများသည် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်စည်းကမ်းများနှင့်အညီ မောင်းနှင်ကြရမည် ဖြစ်သကဲ့သို့ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုမဖြစ်စေရန် အမြဲမပြတ်စစ်ဆေး မောင်းနှင်ကြရန်လည်း လိုအပ်သည်။

သို့ဖြစ်ရာ ယာဉ်အန္တရာယ်များမှ ကင်းဝေးစေရန်အတွက် မော်တော်ယာဉ်မောင်းနှင်သူများ၊ ခြေကျင် လမ်းလျှောက်သူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သတိပြု လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်း အောင်သပြေလမ်း အမှတ်(၃)နေ ဦးအုန်း-ဒေါ်လှခင်၊ မောင်လေး မောင်ထွန်းမြင့်၊ သမီး မစန်းစန်း လွင်တို့အား ရည်စူး၍ ဒေါ်ရင်ရင်မေ မိသားစုက ငွေကျပ်နှစ်သိန်းကို ဒုတိယ အကြိမ် လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးသန်းလွင်နှင့် ဦးအုန်းကြိုင်တို့က လက်ခံယူစဉ်။ (က-ပ)

## မြဝတီရုပ်မြင်သံကြား

၂၉-၈-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄:၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅:၂၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၅၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆:၂၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၆:၄၀ | ၁၃။ | လှုပ်လှုပ်ရှားရှားပုံရိပ်များ |
| ၇:၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၁၆) |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကံမရောက်** (အပိုင်း-၂၀) |

## နယ်လှည့်ဓမ္မကထိကဆရာတော် ဖျာပုံ ဦးဝိလာသ

## ဝါတွင်း အထူးတရားစခန်းပွဲများ

**ရန်ကုန် ဩဂုတ် ၂၈**

ဧရာဝတီတိုင်း ဖျာပုံမြို့ ပုညာရာမတိုက် မင်းကျောင်းမှအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့်ဓမ္မကထိက ဆရာတော် ဖျာပုံဦးဝိလာသ (ဓမ္မာစရိယ)သည် တနင်္သာရီတိုင်း ကော့သောင်းမြို့ နှစ်မိုင် သီရိမြိုင်ရပ် ဦးမောင်လှချောင်ရှိ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၂၀၉)တွင် စက်တင်ဘာ၉ ရက်မှ၁၅ရက်အထိလည်းကောင်း၊ အောက်တိုဘာ၂၄ရက်မှ ၃၀ရက်အထိလည်းကောင်း ကျင်းပမည့် တရားစခန်းပွဲများတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ပြီး ညစဉ် ဝါတွင်းကာလ ၇နာရီခွဲမှစ၍ အထူးတရားပွဲများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**




## ရုရှားက ဗင်နီဇွဲလားသို့ လေယာဉ် ၉၈ စင်းရောင်းမည်

မော်စကို ဩဂုတ် ၂၈

**ရုရှားနိုင်ငံက ဗင်နီဇွဲလားနိုင်ငံသို့ မြို့ပြလေယာဉ် ၉၈စင်းရောင်းချပေးရန် သဘောတူစာချုပ် ချုပ်ဆိုလိုက်ပြီ ဖြစ်ကြောင်း ရုရှားမီဒီယာများက ဩဂုတ် ၂၄ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။**

ပြောကြား

**ရုရှားနိုင်ငံပိုင်စစ်လက်နက်ပစ္စည်းထုတ်လုပ်ရောင်းချရေးလုပ်ငန်း ရိုဆိုဘိုရိုနက်ပို့တ်၏ အကြီးအကဲ ဆာဂျီချီမီဇော့ဗ်က အဆိုပါသဘောတူ ညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် ပြောကြားရာတွင် ဗင်နီဇွဲလားနိုင်ငံသို့ ခရီးသည်တင်လေယာဉ်နှင့် ကုန်တင်လေယာဉ်များ ရောင်းချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။**

ရောင်းချ

**ထိုသို့ လေယာဉ်များရောင်းချမှု၏ ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာခုနစ်ဘီလီယံခန့် ရှိကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။**

**ရုရှားနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံသို့ ပြီးခဲ့သည့်နှစ်က ဆူခွိုင်းဂျက်တိုက်လေယာဉ် ၂၄ စင်းနှင့် ရဟတ်ယာဉ် ၅၃စင်းကို ရောင်းချခဲ့ကြောင်း၊ ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ဖိုးခန့်ရှိကြောင်း သိရသည်။**

အမ်အင်န်အေ၊ ရိုက်တာ

## ဂရိနိုင်ငံ တောမီးလောင်မှု သေဆုံးသူ ၆၃ဦးရှိ

**အိန်းရှင့်အိုလံပီယာ ဩဂုတ် ၂၈**

အိုလံပစ်အားကစားပွဲတော်စတင်ခဲ့ရာ အိုလံပီယာလွင်ပြင်မှ ဘုရားကျောင်းများနှင့် အားကစားရုံများကို သုံးရက်ကြာ ဂရိတောမီးလောင်ကျွမ်းသဖြင့် မီးသတ်သမားများက အကာအကွယ်ပေးနိုင်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။

**သေဆုံး**

သုံးရက်ကြာလောင်ကျွမ်းသော တောမီးသည် အနီးအနားရှိကျေးရွာများကိုပါ ကူးစက်လောင်ကျွမ်းပြီး **(အောက်ပုံ)** တောမီးကြောင့် သေဆုံးသူ ၆၃ဦးအထိရှိကြောင်း သိရသည်။

**ပြောင်းရွှေ့**

ရာပေါင်းများစွာသော လူနေအိမ်များ မီးလောင်ပြာကျကာ ထောင်ပေါင်းများစွာသော ပြည်သူတို့မှာ နေအိမ်မှ ထွက်ပြေးကြရပြီး စာသင်ကျောင်းများ၊ ဟိုတယ်များနှင့်ဒေသဆိုင်ရာ ကျန်းမာရေးဌာနများတွင် ယာယီပြောင်းရွှေ့ခဲ့ကြရသည်။

**ပြောကြား**

အိုလံပီယာမှ အရေးပါသော နေရာဌာနများကို မီးမကူးစေရန် မီးသတ်သမားများသည် သက်စွန့်ကြိုးပမ်း မီးငြိမ်းသတ်ကြရန် နှိုးဆော်ထားကြောင်း ပြည်သူ့ရေးရာဝန်ကြီး ဘရိုင်ယွန်ပိုလီဒိုရပ်က သတင်းထောက်များအား ပြောကြားလိုက်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့အားဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

နေပြည်တော် ဩဂုတ် ၂၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယမန်နေ့ ည ၇နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။** (အောက်ပုံ)



## တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးတင်စိုးတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Bansarn Bunnag နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

## အပြန်အလှန်ပေးအပ်

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin သည် ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီစီဒီတို့ကို ပေးအပ်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)





## ■ ကျောဖုံးမှ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်လှိုင်မြင့်နှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးတင်စိုးတို့တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ● ရှေ့ဖုံးမှ

ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက်၇နာရီ ၄၅မိနစ်တွင် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

## လက်ဆောင်ပေးအပ်

ယင်းနောက် နေပြည်တော်လေဆိပ် ဧည့်ခန်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့် တပ်မတော်ကြည်းတပ် ဦးစီးချုပ် General, Sonthi Boonyaratglin အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီစီဒီတို့ကို လက်ဆောင်အဖြစ်ပေးအပ်သည်။

## ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူးဗိုလ်မှူးကြီးတင်စိုးတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များသို့ ခွဲဝေအပ်နှင်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်




ရန်ကုန် ဩဂုတ် ၂၈

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကော်မတီအဖွဲ့က အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ဖတ်ကြားတင်ပြကြရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကော်မတီအဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး ဖတ်ကြားတင်ပြသည့် 'ဥပဒေပြုရေးအခန်း'ရှိ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းမှာ အောက်ပါအတိုင်းဖြစ်သည်–**



**အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကော်မတီ အဖွဲ့ဝင်ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

## အခန်း(၄)
## ဥပဒေပြုရေး

### ဥပဒေပြုရေးဆိုင်ရာဖွဲ့စည်းမှု။

၁။ ဥပဒေပြုရေးနှင့် စပ်လျဉ်းပြီး–
(က) နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များသို့ ခွဲဝေအပ်နှင်းသည်။
(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်။

၂။ လွှတ်တော်နှစ်ရပ်နှင့်စပ်လျဉ်းပြီး–
(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် လွှတ်တော်ကို ပြည်သူ့လွှတ်တော်ဟု လည်းကောင်း၊
(ခ) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် လွှတ်တော်ကို အမျိုးသားလွှတ်တော်ဟုလည်းကောင်း သုံးနှုန်းရမည်။

### ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းခြင်း။

၃။ ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်တွင် အောက်ပါလွှတ်တော်နှစ်ရပ်ပါဝင်သည်–
(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် ပြည်သူ့လွှတ်တော်၊
(ခ) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် အမျိုးသားလွှတ်တော်။

### ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း။

၄။ ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး၄၄၀ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–
(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါကအသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ် တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍လည်းကောင်း၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊
(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ဦးထက် မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ။

၅။ လွှတ်တော်အသီးသီး၏ အကြီးအမှူးနှင့် ဒုတိယအကြီးအမှူးတို့နှင့် ပတ်သက်ပြီး သက်ဆိုင်ရာ လွှတ်တော်သက်တမ်းတစ်ခုစီအတွက် လွှတ်တော်ပထမ အစည်းအဝေး စတင်ကျင်းပသည့်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုနိုင်ရန်နှင့် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပေးရန် ကျင်းပသော လွှတ်တော်အစည်းအဝေးကို ကြီးမှူးကြီးကြပ်ပေးရမည့် အကြီးအမှူးအား သဘာပတိဟုလည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်အကြီးအမှူးနှင့်ဒုတိယအကြီးအမှူးကိုနာယကနှင့်ဒုတိယနာယကဟု လည်းကောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အကြီးအမှူးနှင့် ဒုတိယအကြီးအမှူးကို ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌဟု လည်းကောင်း ခေါ်ဝေါ်သုံးစွဲရမည်။

၆။ ပြည်သူ့လွှတ်တော် သဘာပတိ တင်မြှောက်ခြင်းနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်–
(က) ပြည်သူ့လွှတ်တော် သက်တမ်းတစ်ရပ်၏ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်အခါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမည်၊
(ခ) သဘာပတိသည် ပြည်သူ့လွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာပြုရမည်၊
(ဂ) သဘာပတိသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ ပြည်သူ့လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်–
(က) ပြည်သူ့လွှတ်တော်တွင်–
(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်၊
(၂) ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံး ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် အစားထိုး ရွေးကောက်တင်မြှောက်ရမည်၊
(၃) ဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင်ရမည်။
(ခ) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန် နည်းလမ်းများကို ဥပဒေဖြင့် သတ်မှတ်ရမည်။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်ထမ်းဆောင်ခြင်း၊ ရပ်စဲခြင်းတို့နှင့် စပ်လျဉ်းပြီး–
(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် ပြည်သူ့လွှတ်တော်သက်တမ်း ပထမအစည်းအဝေး စတင်မကျင်းပမီ အချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်၊
(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း ခံရလျှင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ ပြည်သူ့လွှတ်တော်၏ ရပ်သိမ်းခြင်းကို ခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည်။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့နှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် သတ်မှတ်ပေးရမည်။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ အဆင့်နှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။ ဒုတိယဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်။

### ပြည်သူ့လွှတ်တော်ကော်မတီများဖွဲ့စည်းခြင်း။

၁၁။ ပြည်သူ့လွှတ်တော်တွင်–
(က) ပြည်သူ့လွှတ်တော် ကော်မတီများ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး–
(၁) ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်၊
(၂) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာ ကိစ္စများကိုလည်းကောင်း လေ့လာတင်ပြစေရန် အကြောင်း ပေါ်ပေါက်ပါက ပြည်သူ့လွှတ်တော်သည် ကာကွယ်ရေးနှင့်လုံခြုံရေးကော်မတီကို တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းရမည်။ ထိုသို့ ဖွဲ့စည်းသည့် ကာကွယ်ရေးနှင့်လုံခြုံရေး ကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ တပ်မတော်သား မဟုတ်သော သင့်လျော်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းရန် လိုအပ်ပါက ဖွဲ့စည်းနိုင်သည်၊
(၃) ပြည်သူ့လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်၊
(၄) ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်၊
(၅) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်နှင့် ညှိနှိုင်းရန် ကိစ္စပေါ်ပေါက်လျှင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ယင်းကော်မတီတွင်ပါဝင်မည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ ပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့် အချိန်အထိ ဖြစ်သည်၊
(၆) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် အထက်အပိုဒ်ခွဲ(၁)နှင့်(၂)ပါ ကော်မတီများက ဆောင်ရွက်ရမည့်ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ရပ်ကို လွှတ်တော်နှစ်ရပ်စလုံးက လေ့လာရန်ရှိပါက ယင်းလွှတ်တော်များ၏ ဥက္ကဋ္ဌများသည် အချင်းချင်းညှိနှိုင်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီ တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ ပြည်သူ့လွှတ်တော်သည် ထိုကော်မတီတွင် ပါဝင်မည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ ယင်းပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့်အချိန်အထိ ဖြစ်သည်။
(ခ) ပြည်သူ့လွှတ်တော်ကော်မရှင်နှင့်အဖွဲ့များ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး–
(၁) ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော် ကော်မတီများက လေ့လာသော အကြောင်းကိစ္စများမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန်လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်းနိုင်သည်၊
(၂) ပြည်သူ့လွှတ်တော်သည် အထက်ပါ ကော်မရှင်နှင့်အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မရှင် သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်။

၁၂။ ပြည်သူ့လွှတ်တော်သက်တမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်၏ သက်တမ်းသည် ယင်းလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး စတင်ကျင်းပသည့် နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

### အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း။

၁၃။ အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–
(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ဦး၊
(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး၊
(ဂ) အထက်အပိုဒ်ခွဲ (က)နှင့်(ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စု နယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စု နယ်မြေများသည် လည်းကောင်း

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

စာမျက်နှာ ၄ မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါ နယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကို ဆိုသည်။

၁၄။ အမျိုးသားလွှတ်တော် သဘာပတိ တင်မြှောက်ခြင်းနှင့်စပ်လျဉ်းပြီး–

(က) အမျိုးသားလွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေး စတင်ကျင်းပသည့်အခါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမည်၊

(ခ) သဘာပတိသည် အမျိုးသားလွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာပြုရမည်၊

(ဂ) သဘာပတိသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ အမျိုးသားလွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

၁၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) အမျိုးသားလွှတ်တော်တွင်–

(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်၊

(၂) ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံး ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အစားထိုးရွေးကောက်တင်မြှောက်ရမည်၊

(၃) ဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ယာယီ ထမ်းဆောင်ရမည်။

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန် နည်းလမ်းများကို ဥပဒေဖြင့်သတ်မှတ်ရမည်။

၁၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်ထမ်းဆောင်ခြင်း၊ ရပ်စဲခြင်းတို့နှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) အမျိုးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် အမျိုးသား လွှတ်တော်သက်တမ်းပထမအကြိမ် အစည်းအဝေး စတင် မကျင်းပမီ အချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်၊

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း ခံရလျှင်ဖြစ်စေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌသို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ အမျိုးသားလွှတ်တော်၏ ရပ်သိမ်းခြင်းကို ခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည်။

၁၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် သတ်မှတ်ပေးရမည်။

၁၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ အဆင့်နှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။ ဒုတိယဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်။

**အမျိုးသားလွှတ်တော်ကော်မတီများဖွဲ့စည်းခြင်း။**

၁၉။ အမျိုးသားလွှတ်တော်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) အမျိုးသားလွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်၊

(ခ) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို လည်းကောင်း၊ တပ်မတော်ဆိုင်ရာ ကိစ္စများကိုလည်းကောင်း လေ့လာတင်ပြစေရန် အကြောင်းပေါ်ပေါက်ပါက အမျိုးသားလွှတ်တော်သည် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းရမည်။ ထိုသို့ ဖွဲ့စည်းသည့် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ တပ်မတော်သားမဟုတ်သော သင့်လျော်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းရန် လိုအပ်ပါကဖွဲ့စည်းနိုင်သည်၊

(ဂ) အမျိုးသားလွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာ ကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်၊

(ဃ) အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်၊

(င) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် ညှိနှိုင်းရန် ကိစ္စပေါ်ပေါက်လာလျှင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ယင်းကော်မတီတွင် ပါဝင်မည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ ပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့် အချိန်အထိ ဖြစ်သည်၊

(စ) အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့သည် အထက်အပိုဒ်ခွဲ(က)နှင့် (ခ)ပါ ကော်မတီများက ဆောင်ရွက်ရမည့် ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ရပ်ကို လွှတ်တော်နှစ်ရပ်စလုံးက လေ့လာရန် ရှိပါက ယင်းလွှတ်တော်များ၏ ဥက္ကဋ္ဌများသည် အချင်းချင်း ညှိနှိုင်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ အမျိုးသားလွှတ်တော်သည် ထိုကော်မတီတွင် ပါဝင်မည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ ယင်းပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာ လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့် အချိန်အထိဖြစ်သည်။

၂၀။ အမျိုးသားလွှတ်တော်ကော်မရှင်နှင့် အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော် ကော်မတီများက လေ့လာသော အကြောင်းကိစ္စများမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန် လိုအပ်ပါက ကော်မရှင်နှင့် အဖွဲ့များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်၊

(ခ) အမျိုးသားလွှတ်တော်သည် အထက်ပါကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မရှင် သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်။

၂၁။ အမျိုးသားလွှတ်တော်၏ သက်တမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင် အမျိုးသားလွှတ်တော်၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။

**ပြည်ထောင်စုလွှတ်တော်နာယကနှင့်ဒုတိယနာယကတို့၏တာဝန်ထမ်းဆောင်ခြင်း။**

၂၂။ ပြည်ထောင်စုလွှတ်တော် နာယကနှင့် ဒုတိယနာယကတို့၏ တာဝန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်းပြီး–

(က) ပြည်သူ့လွှတ်တော်သက်တမ်းတစ်ခု စတင်သည့်နေ့ရက်မှ လပေါင်း ၃၀ ပြည့်မြောက်သည့် နေ့ရက်အထိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ပြည်ထောင်စုလွှတ်တော် နာယကနှင့် ဒုတိယနာယက တာဝန်ကိုပါ ထမ်းဆောင်ရမည်။ ကျန်သက်တမ်း ကာလအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ပြည်ထောင်စု လွှတ်တော်နာယကနှင့် ဒုတိယနာယက တာဝန်ကိုပါ ထမ်းဆောင်ရမည်၊

(ခ) ပြည်ထောင်စုလွှတ်တော် နာယကသည် နာယကတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါ ဒုတိယနာယကသည် နာယက တာဝန်ကို ယာယီထမ်းဆောင်ရမည်။

(ခ) တိုင်းဒေသကြီးများတွင် ထိုတိုင်းဒေသကြီးရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုညဒသမတစ်(၀.၁)ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသား လူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊

(ဂ) ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုညဒသမတစ် (၀.၁) ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

(ဃ) အပိုဒ်ခွဲ(က)နှင့် (ခ)သို့မဟုတ် အပိုဒ်ခွဲ(က)နှင့် (ဂ)တို့အရ ရွေးကောက်တင်မြှောက်သည့်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ။

၂၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သဘာပတိ တင်မြှောက်ခြင်းနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သက်တမ်းတစ်ရပ်၏ ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး စတင်ကျင်းပသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက် ရမည်၊

(ခ) သဘာပတိသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာပြုရမည်၊

(ဂ) သဘာပတိသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ရွေးကောက်တင်မြှောက်ခြင်းနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်းဆောင်ရွက်ရမည်–

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန် နည်းလမ်းများကို ဥပဒေဖြင့် သတ်မှတ်ရမည်




ရန်ကုန် ဩဂုတ် ၂၈

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကော်မတီ သဘာပတိအဖွဲ့က အမျိုးသား ညီလာခံစုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကော်မတီ သဘာပတိအဖွဲ့ဝင် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့် ဖတ်ကြားတင်ပြသည့် 'ဥပဒေပြုရေးအခန်း'ရှိ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းမှာ အောက်ပါအတိုင်းဖြစ်သည်–**



**အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကော်မတီ သဘာပတိ အဖွဲ့ဝင် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ (ခေါ်) ဦးလှမြင့် ဖတ်ကြား တင်ပြစဉ်။**

(သတင်းစဉ်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်း။**

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်၊

(၂) ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာလစ်လပ်လျှင် အနီးကပ်ဆုံး ကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစားထိုး ရွေးကောက်တင်မြှောက်ရမည်၊

(၃) ဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန် နည်းလမ်းများကို ဥပဒေဖြင့် သတ်မှတ်ရမည်။

၂၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခြင်း၊ ရပ်စဲခြင်းတို့နှင့် စပ်လျဉ်းပြီး–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သက်တမ်း ပထမအကြိမ်အစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းခံရလျှင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ရပ်သိမ်းခြင်း ခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌသို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များသတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် သတ်မှတ်ပေးရမည်။

၂၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ အဆင့်နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို

စာမျက်နှာ ၆ ကော်လံ ၁ သို့

# ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် သတ်မှတ်ရမည်

စာမျက်နှာ ၅ မှ

ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်။ ဒုတိယဥက္ကဋ္ဌကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဆင့် သတ်မှတ်သည်။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်းခြင်း။**

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများ အရေးအရာများကို လေ့လာတင်ပြနိုင်စေရေးအတွက် လိုအပ်သည့်အခါ ကော်မတီနှင့် အဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် အထက်ပါ ကော်မတီနှင့် အဖွဲ့များတွင် သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်း ဖွဲ့စည်းနိုင်သည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ကော်မတီနှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းသတ်မှတ်ခြင်း။**

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းသတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏သက်တမ်း ကုန်ဆုံးသောနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များ သတ်မှတ်ခြင်း။**

၂၁။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် သတ်မှတ်ရမည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ခြင်း။**

၂၂။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် ပြည်သူ့လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်–

(က) အသက် ၂၅နှစ်ပြည့်ပြီးသူ၊

(ခ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀နှစ် အခြေချနေထိုင်ခဲ့သူ၊

**ခြွင်းချက်**။ ။နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်။

(ဃ) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေတွင်သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိခြင်း။**

၂၃။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူများနှင့်ပတ်သက်ပြီး အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရ–

(က) ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းခံရ၍ ထောင်ဒဏ်ကျခံနေရသူ၊

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့်ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့် ကာလကုန်ဆုံးခြင်းမရှိသေးသူ၊

(ဂ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ၊

(င) နိုင်ငံခြား အစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက် ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊

(စ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော် လည်းကောင်း၊ တိုင်းတစ်ပါး၏နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊

(ဆ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူ သုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဇ) နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကိုအကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဈ) သာသနာ့ဝန်ထမ်း၊

(ည) နိုင်ငံ့ဝန်ထမ်း၊

**ခြွင်းချက်**။ ။ယင်းစကားရပ်သည် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် မသက်ဆိုင်စေရ။

(ဋ) နိုင်ငံတော်ပိုင်ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

**ခြွင်းချက်**။ (၁) နိုင်ငံတော်ပိုင် ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစား လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော် အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း မပါဝင်၊

(၂) နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကားရပ်တွင် ဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရသော် လည်းကောင်း နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြား အဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်းစသည်များ မပါဝင်။

(ဌ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့် ကာလကုန်ဆုံးခြင်း မရှိသေးသူ။

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏အရည်အချင်းသတ်မှတ်ခြင်း။**

၂၄။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသော တပ်မတော်သားများသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ခြင်း။**

၂၅။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည်–

(က) အသက် ၃၀နှစ်ပြည့်ပြီးသူများ ဖြစ်ရမည်၊

(ခ) အသက် ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသော အရည်အချင်းများနှင့် ပြည့်စုံရမည်၊

(ဂ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်။

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ခြင်း။**

၂၆။ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားများသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ခြင်း။**

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်း သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည်–

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသော အရည်အချင်းများနှင့် ပြည့်စုံရမည်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်။

**တပ်မတော်သား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ခြင်း။**

၂၈။ တပ်မတော်သား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏အရည်အချင်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်။

**ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု**

**၁။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ**

**ပြည်ထောင်စု ဥပဒေပြုစာရင်း။**

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊

(ခ) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊

(ဂ) ဇီဝနှင့်ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်း၊ မီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊

(ဃ) အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များ၊

(င) စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊

(စ) နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊

(ဆ) ရဲတပ်ဖွဲ့။

**၂။ နိုင်ငံခြားရေးကဏ္ဍ**

**ပြည်ထောင်စု ဥပဒေပြုစာရင်း။**

(က) သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များ၊

(ခ) ကုလသမဂ္ဂ၊

(ဂ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြား အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေး၊

(ဃ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့်အထမြောက်စေရေး၊

(င) နိုင်ငံကူးလက်မှတ်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ၊

(စ) ပြည်ဝင်ခွင့်ဗီဇာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းသို့ ဝင်ခွင့်ပြုရေး၊ နေထိုင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး၊

(ဆ) ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေး။

**၃။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ**

**(က) ပြည်ထောင်စု ဥပဒေပြုစာရင်း။**

(၁) ပြည်ထောင်စု အရအသုံးခန့်မှန်းခြေ ငွေစာရင်း၊

(၂) ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ၊

(၃) ငွေစက္ကူထုတ်လုပ်ရေး၊ ဒင်္ဂါးသွန်းလုပ်ရေး၊

(၄) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ၊

(၅) နိုင်ငံခြားသုံးငွေ ထိန်းသိမ်းကြီးကြပ်ရေး၊

(၆) အရင်းအနှီးနှင့် ငွေကြေးဈေးကွက်၊

(၇) အာမခံလုပ်ငန်း၊

(၈) ဝင်ငွေခွန်၊

(၉) ကုန်သွယ်လုပ်ငန်းခွန်၊

(၁၀) တံဆိပ်ခေါင်းခွန်၊

(၁၁) အကောက်ခွန်၊

(၁၂) အောင်ဘာလေထီ၊

(၁၃) အခွန်အယူခံခြင်း၊

(၁၄) ပြည်ထောင်စု၏ ဝန်ဆောင်မှုလုပ်ငန်းများ၊

(၁၅) ပြည်ထောင်စုပိုင် ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၊

(၁၆) ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးခြင်း၊

(၁၇) ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေများ ရင်းနှီးမြှုပ်နှံခြင်း၊

(၁၈) ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊

(၁၉) ပြည်ထောင်စုအတွက်ပစ္စည်းရယူခြင်း၊

(၂၀) ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့၊

(၂၁) အမျိုးသားစီမံကိန်း၊

(၂၂) စာရင်းစစ်တမ်း ကောက်ယူခြင်း၊

(၂၃) အမျိုးသားမှတ်တမ်းနှင့် မော်ကွန်း၊

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းသတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏သက်တမ်း ကုန်ဆုံးသောနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။

စာမျက်နှာ ၆ မှ

(၂၄) ရင်းနှီးမြှုပ်နှံမှု၊
(၂၅) စာရင်းစစ်ဆေးခြင်း၊

**(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း။**

( ၁ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊
( ၂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊
( ၃ ) မြေယာခွန်၊
( ၄ ) ယစ်မျိုးခွန်၊ (မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများမပါ)၊
( ၅ ) အဆောက်အအုံနှင့် မြေခွန်၊ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန်စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ၊
( ၆ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊
( ၇ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၊
( ၈ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ထုတ်ချေးခြင်း၊
( ၉ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း၊
(၁၀) ဒေသန္တရစီမံကိန်း၊
(၁၁) အသေးစားငွေချေးလုပ်ငန်း။

**၄။ စီးပွားရေးကဏ္ဍ**

**(က) ပြည်ထောင်စု ဥပဒေပြုစာရင်း။**

( ၁ ) စီးပွားရေး၊
( ၂ ) ကူးသန်းရောင်းဝယ်ရေး၊
( ၃ ) သမဝါယမ၊
( ၄ ) ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုစပ်၊
( ၅ ) သွင်းကုန်၊ ထုတ်ကုန်နှင့်ယင်းကုန်ပစ္စည်းများ၏ အရည်အသွေး သတ်မှတ်ခြင်း၊
( ၆ ) ဟိုတယ်နှင့်တည်းခိုခန်း၊
( ၇ ) ခရီးသွားလာရေးလုပ်ငန်း။

**(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း။**

(၁) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် စီးပွားရေးကိစ္စများ၊
(၂) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊
(၃) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် သမဝါယမကိစ္စများ။

**၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ**

**(က) ပြည်ထောင်စု ဥပဒေပြုစာရင်း။**

( ၁ ) မြေယာစီမံခန့်ခွဲမှု၊
( ၂ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်ခြင်း၊
( ၃ ) ကြေးတိုင်နှင့် မြေစာရင်း၊
( ၄ ) မြေတိုင်း၊
( ၅ ) ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊
( ၆ ) မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊
( ၇ ) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊
( ၈ ) စက်မှုလယ်ယာ၊
( ၉ ) စိုက်ပျိုးရေးသုတေသန၊
(၁၀) ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး၊
(၁၁) ပင်လယ်ငါးလုပ်ငန်း၊
(၁၂) တိရစ္ဆာန်မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများ။

**(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း။**

( ၁ ) လယ်ယာစိုက်ပျိုးရေး၊
( ၂ ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး၊
( ၃ ) ဓာတ်မြေသြဇာ စနစ်တကျ သုံးစွဲရေးနှင့် သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး၊
( ၄ ) စိုက်ပျိုးရေးချေးငွေနှင့် စုငွေများ၊
( ၅ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊
( ၆ ) ရေချိုငါးလုပ်ငန်း၊
( ၇ ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး။

**၆။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ**

**(က) ပြည်ထောင်စုဥပဒေပြုစာရင်း။**

( ၁ ) ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ပြည်ထောင်စုဥပဒေအရ ဘေးအန္တရာယ်ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြားအရည်အခဲ စသည်များ၊
( ၂ ) ပြည်ထောင်စု လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊
( ၃ ) သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊
( ၄ ) ကျောက်မျက်ရတနာ၊
( ၅ ) ပုလဲ၊
( ၆ ) သစ်တော၊
( ၇ ) တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများအပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး။

**(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း။**

( ၁ ) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊
( ၂ ) ဆားနှင့် ဆားထွက်ပစ္စည်း၊
( ၃ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊
( ၄ ) ကျေးရွာထင်းစိုက်ခင်း၊
( ၅ ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်။

**၇။ စက်မှုလက်မှုကဏ္ဍ**

**(က) ပြည်ထောင်စုဥပဒေပြုစာရင်း။**

( ၁ ) ပြည်ထောင်စုအဆင့်က ဆောင်ရွက်မည့် စက်မှုလုပ်ငန်းများ၊
( ၂ ) စက်မှုဇုန်များ၊
( ၃ ) ထုတ်လုပ်သည့် ပစ္စည်းများအတွက် အခြေခံစံချိန်စံညွှန်းများ၊
( ၄ ) သိပ္ပံနှင့် နည်းပညာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသန၊
( ၅ ) အလေးတင်းတောင်း၊ အတိုင်းအတာစသည်တို့ကို စံပြုခြင်း၊
( ၆ ) မူပိုင်ခွင့်များ(Copyrights)၊ တီထွင်မှု မူပိုင်ခွင့်များ(Patents)၊ ကုန်အမှတ်တံဆိပ်များ(Trademarks)၊ စက်မှုဆိုင်ရာ ဒီဇိုင်းများ(Industrial Designs)စသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းများ(Intellectual Properties)။

**(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း။**

( ၁ ) ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ၊
( ၂ ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ။

**၈။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ**

**(က) ပြည်ထောင်စုဥပဒေပြုစာရင်း။**

( ၁ ) ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၊
( ၂ ) ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊
( ၃ ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
( ၄ ) ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး၊
( ၅ ) ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကြီးများ၊
( ၆ ) မီးပြတိုက်၊ မီးပြသင်္ဘောနှင့် မီးပြအစီအမံများ၊
( ၇ ) သင်္ဘောတည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး၊
( ၈ ) လေကြောင်း သယ်ယူပို့ဆောင်ရေး၊
( ၉ ) လေကြောင်းပျံသန်းရေး၊ ထိန်းသိမ်းရေးနှင့် လေယာဉ်ကွင်းတည်ဆောက်ရေး၊
(၁၀) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊
(၁၁) မီးရထား၊
(၁၂) ပြည်ထောင်စုက စီမံခန့်ခွဲသည့်လမ်းမကြီးများ၊ တံတားကြီးများ၊
(၁၃) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူ ဆက်သွယ်ရေး၊
(၁၄) ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်အသံဖမ်းလုပ်ငန်းနှင့် အလားတူဆက်သွယ်ရေးများ၊
(၁၅) အိမ်ရာနှင့်အဆောက်အအုံများ။

**(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း။**

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊
(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ၊
(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး။

**၉။ လူမှုရေးကဏ္ဍ**

**(က) ပြည်ထောင်စုဥပဒေပြုစာရင်း။**

( ၁ ) ပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုး မာတိကာ၊ သင်ပြနည်းစနစ်၊ သုတေသန၊ စီမံကိန်း၊ စီမံချက်နှင့်စံများ၊
( ၂ ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံစသည့်သင်တန်းများနှင့် အဆင့်မြင့်ပညာ အခြားအဖွဲ့အစည်းများ၊
( ၃ ) ပြည်ထောင်စုကသတ်မှတ်သည့် စာမေးပွဲများ၊
( ၄ ) ကိုယ်ပိုင်ကျောင်းများနှင့်သင်တန်းများ၊
( ၅ ) အမျိုးသားအားကစား၊
( ၆ ) အမျိုးသားကျန်းမာရေး၊
( ၇ ) တိုင်းရင်းဆေးပညာနှင့်တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေး၊
( ၈ ) ကုသိုလ်ဖြစ်ဆေးရုံများနှင့်ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊
( ၉ ) မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊
(၁၀) ကြက်ခြေနီအသင်း၊
(၁၁) အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့်အလှကုန် စသည်တို့ တုပရောနှော ထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊
(၁၂) ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်းမစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊
(၁၃) ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊
(၁၄) မီးသတ်တပ်ဖွဲ့၊
(၁၅) အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့်လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊
(၁၆) ဝါဏိဇ္ဇပဋိပက္ခ၊
(၁၇) လူမှုဖူလုံရေး၊
(၁၈) အလုပ်သမားအဖွဲ့အစည်းများ၊
(၁၉) ပြည်ထောင်စုကစီမံခန့်ခွဲသည့်–
(ကက) ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ၊
( ခခ ) ပြတိုက်များ၊ စာကြည့်တိုက်များ။
(၂၀) စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယို၊
(၂၁) မွေးဖွားခြင်းနှင့်သေဆုံးခြင်းဆိုင်ရာမှတ်ပုံတင်ရေး။

**(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း။**

(၁) ပြည်ထောင်စုက ချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ၊
(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ၊
(၃) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး၊
(၄) ကုန်တင်ကုန်ချလုပ်ငန်း၊
(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်–
(ကက) ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊
( ခခ ) ပြတိုက်နှင့်စာကြည့်တိုက်များ၊
(၆) ဇာတ်ရုံ၊ ရုပ်ရှင်ရုံ နှင့် ဗီဒီယိုရုံ၊
(၇) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ။

**၁၀။ စီမံခန့်ခွဲရေးကဏ္ဍ**

**(က) ပြည်ထောင်စုဥပဒေပြုစာရင်း။**

( ၁ ) အထွေထွေအုပ်ချုပ်ရေး၊
( ၂ ) ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေး၊
( ၃ ) အိမ်ငှား၊ မြေငှား၊
( ၄ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါး၊
( ၅ ) နိုင်ငံတော်လျှို့ဝှက်ချက် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများ၊
( ၆ ) အသင်းအဖွဲ့များ၊
( ၇ ) အကျဉ်းထောင်၊
( ၈ ) နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊
( ၉ ) သန်းခေါင်စာရင်း၊
(၁၀) နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသား အဖြစ်မှ ရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်း၊
(၁၁) ဘွဲ့ထူး၊ ဂုဏ်ထူး။

**(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း။**

(၁) စည်ပင်သာယာရေး၊
(၂) မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊
(၃) ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ။

**၁၁။ တရားစီရင်ရေးကဏ္ဍ**

**(က) ပြည်ထောင်စု ဥပဒေပြုစာရင်း။**

(၁) တရားစီရင်ရေး၊
(၂) ရှေ့နေများ၊
(၃) ပြစ်မှုဆိုင်ရာ ဥပဒေများ၊ ကျင့်ထုံးများ၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

# ...ကို စိုးရိမ်ပါသည်

## ပညာအောင်

အစိုးရကိုဖိအားပေးရန် နည်းလမ်းတစ်ခုအဖြစ် အသုံးချခဲ့သည်ကိုတွေ့ခဲ့ရသည်။ နောက်ဆုံးအခြေအနေများ ထိန်းမနိုင်သိမ်းမရဖြစ်လာသည့်အခါတွင်မူ တပ်မတော်က နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခြင်းဖြင့် အဆုံးသတ်ခဲ့ရသည်။ အကယ်၍ ထိုအချိန်က ဒေါက်တာမောင်မောင် ကမ်းလှမ်းခဲ့သည်ကိုသာ အပြုသဘောဆောင်သည့် တိုးတက်မှုအဖြစ်လက်ခံပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကြိုးစားခဲ့ကြမည်ဆိုလျှင် မြန်မာ့နိုင်ငံရေးအပြောင်းအလဲသည် ယခုထက် ပိုမိုမြန်ဆန်ပေလိမ့်မည်။

**လှုပ်ရှားမှုများကို ဖြောင်ကျကျလုပ်ဆောင်လာ**

မင်းကိုနိုင်တို့အုပ်စု၏ လုပ်ဆောင်ချက်များကို ပြန်လည် လေ့လာလျှင်လည်း အထက်ပါပုံစံအတိုင်းပင် ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။ ၂၀၀၅ ခုနှစ်တွင် ပြစ်ဒဏ်ကျခံနေရာမှ ပြန်လည်လွတ်မြောက်လာပြီးနောက် ၈၈ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့ကို ဖွဲ့စည်းပြီး နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်လာခဲ့သည်။ မင်းကိုနိုင်အုပ်စုအနေဖြင့် အစပိုင်းတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကို အကြောင်းပြုပြီး ကြေညာချက်များထုတ်ပြန်ကာ နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်လာခဲ့သည်။ ထိုလှုပ်ရှားမှုများကို တပ်မတော်အစိုးရက သည်းခံခွင့်ပြုထားသောအခါ တဖြည်းဖြည်းအရှိန်တက်လာပြီး အဖြူရောင်လှုပ်ရှားမှု၊ လက်မှတ်ရေးထိုးရေးလှုပ်ရှားမှု စသည်ဖြင့် လူထုကိုလှုံ့ဆော်သော လှုပ်ရှားမှု Campaign များကို ဖြောင်ကျကျ လုပ်ဆောင်လာခဲ့သည်။

ထိုလှုပ်ရှားမှုများအပေါ် အစိုးရက အလွန်သိမ်မွေ့ညင်သာစွာ ကိုင်တွယ်ဖြေရှင်းခဲ့သည်။ ဥပဒေအရ အရေးယူသည်မှာ မရှိသလောက်ပင် ဖြစ်သည်။ အကယ်၍ ထိုလှုပ်ရှားမှုမျိုးကို ၁၉၈၈ ခုနှစ်မတိုင်မီက သို့မဟုတ် ၂၀၀၄ ခုနှစ်မတိုင်မီကသာ ဆောင်ရွက်ခဲ့လျှင် ဘာဖြစ်သွားမည်ကို လူတိုင်းသိကြပါသည်။ သို့သော် **တပ်မတော်အစိုးရအနေဖြင့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်နေချိန်တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ရရှိစေရန်အတွက် စိတ်ရှည်သည်းခံစွာဖြင့် ကိုင်တွယ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ သို့သော် မင်းကိုနိုင်တို့သည် တပ်မတော်အစိုးရ၏ လုပ်ဆောင်ချက်ကို အပြုသဘောဖြင့် မမြင်နိုင်ဘဲ အစိုးရ၏အားနည်းချက်အဖြစ် ရှုမြင်လာခဲ့သည်။ အထူးသဖြင့် ပြည်ပမီဒီယာများ၊ နိုင်ငံခြားသံတမန်များ၏ မြှောက်ပင့်ပေးမှုများတွင် သာယာလာပြီး တပ်မတော်အစိုးရအနေဖြင့် ၎င်းတို့အဖွဲ့ကို မတို့ရဲ၊ မထိရဲဖြစ်နေသည်ဟု သွေးနားထင်ရောက်ခဲ့ပုံရပါသည်။ ထို့ကြောင့် နောက်ဆုံးတွင် ကျင်းပနေဆဲအမျိုးသားညီလာခံကိုဆန့်ကျင်ပြီး ကိုယ်ပိုင်လမ်းပြမြေပုံရေးဆွဲမည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည့် CRPP နှင့် NLD လွှတ်တော်ကိုယ်စားလှယ် ၉၂ဦးကို ထောက်ခံကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ စာရေးသားပေးပို့ခြင်း၊ အမျိုးသားညီလာခံကို ဝေဖန်ပုတ်ခတ်သည့် ကြေညာချက်များ ထုတ်ပြန်ခြင်းနှင့် ဆန္ဒပြမှုများကို ကိုယ်တိုင်ဦးဆောင် ပြုလုပ်လာခြင်းတို့ကြောင့် နောက်ဆုံးတွင် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်း စစ်ဆေးမေးမြန်းခြင်းကို ခံခဲ့ရခြင်းဖြစ်ပေသည်။**

**မင်းကိုနိုင်နှင့် NLD တို့စည်းဝါးရိုက်ထား**

NLD ပါတီကတော့ မင်းကိုနိုင်တို့နှင့်မတူ ပုံစံတစ်မျိုးဖြင့် လှုပ်ရှားလာခဲ့သည်။ တပ်မတော်အစိုးရက ပါတီကို တရားဝင်ပါတီအဖြစ်မှ ဖျက်သိမ်းလိုက်သည့် အခြေအနေမှ ရှောင်လွှဲနိုင်ရန်အတွက် အရပ်စကားနှင့် ပြောရလျှင် ခပ်ပါးပါးလေး လှုပ်ရှားလာသည်ကို တွေ့ရမည်ဖြစ်သည်။ မင်းကိုနိုင်အဖွဲ့က ရှေ့ထွက်လှုပ်ရှားနေချိန်တွင် NLD က နောက်ကနေ ကူညီပံ့ပိုးပေးခဲ့သည်။ မင်းကိုနိုင်အုပ်စု လှုပ်ရှားမှုတွေမှာ NLD လူငယ်အဖွဲ့ဝင်များ၊ NLD ထုတ်ပယ်ခံဆိုသူများ ဝန်းရံလှုပ်ရှားပေးကြသည်။ ပြီးခဲ့သည့် ဇူလိုင်လအတွင်းတွင် NLD ဗဟိုက တိုင်းနှင့်ပြည်နယ်များ၊ မြို့နယ်များတွင် လူငယ်အဖွဲ့များ တိုးချဲ့ဖွဲ့စည်းရန် ညွှန်ကြားချက်တွေ ထုတ်ခဲ့သည်ဆိုပြီး NLD အသိုင်းအဝိုင်းတွင် သတင်းများ ထွက်ပေါ်လာခဲ့၏။ NLD ဌာနချုပ်က ထိုလူငယ်များ၊ ထုတ်ပယ်ခံများသည် တစ်ဦးချင်းလှုပ်ရှားနေခြင်းသာဖြစ်သည်။ ပါတီနှင့်မပတ်သက်ဟု ပြောကြားနေသော်လည်း ထိုလူငယ်များ၊ ထိုထုတ်ပယ်ခံများသည်ပင် NLD က ပြုလုပ်သည့် နေ့ကြီးရက်ကြီးတွေမှာ ရှေ့တန်းက ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ပြီးခဲ့သည့် ဩဂုတ်လ ၂၀ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် NLD ကြေညာချက်တွင် ပြည်သူလူထု အခြေအနေမှာ ပေါက်ကွဲလုဆဲဆဲ ဖြစ်နေကြောင်း၊ မငြိမ်သက်မှုများ ပေါ်ပေါက်လာလျှင် အစိုးရ၏တာဝန်သာဖြစ်ကြောင်း၊ ဖော်ပြထားသည်ကိုကြည့်ပါက NLD အနေဖြင့် ဘယ်လမ်းကြောင်းကို နှုတ်ကြောင်းပေးနေသည်ဆိုသည်မှာ ထင်ရှားနေပါသည်။ ထို့အပြင် NLD ပြောရေးဆိုခွင့်ရှိသူတွေကလည်း ပြည်ပမီဒီယာများနှင့် တွေ့ဆုံခန်းများတွင် မင်းကိုနိုင်အုပ်စု၏ ဆန္ဒပြမှုများကို စာနာကြောင်း၊ ပြည်သူတွေကလည်း မကြာခင် ပါဝင်တော့မည်ဖြစ်ကြောင်း၊ အခြေအနေတွေ ပိုဆိုးလာနိုင်ကြောင်း စသည် စသည်ဖြင့် ရေလာမြောင်းပေး စကားများပြောနေသည်ကို ကြည့်ပါက မင်းကိုနိုင်တို့နှင့် NLD တို့ ဘယ်လိုစည်းဝါးရိုက်ထားသည်ကို သိနိုင်ပါသည်။ ဆင်ခြေရာကိုတွေ့နေမှ ဆင်အကောင်ကြီးကိုလည်း ရှာရန်မလိုတော့ပါ။ ထို့ကြောင့်လည်း NLD တာဝန်မကင်းကြောင်း ဖော်ပြထားသည့်သတင်း ထွက်ပေါ်လာဟန်တူသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၂၅ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဆောင်းပါးရှင် ကျော်မင်းလူ (ရွှေပြည်သာ)၏ နှစ်ဘက်မျှမှ အဖြေလှမည်ဆောင်းပါးကို ဖတ်ရှုခဲ့ရပါသည်။ ဆောင်းပါးရှင်၏ အယူအဆအချို့အပေါ် အမြင်ကွဲလွဲမှုရှိသည့်တိုင် သူတင်ပြခဲ့သည့် မိဘနှင့်သားသမီး ဥပမာလေးကတော့ ထိမိလှသည်။ ထိုဥပမာအတိုင်းပင် တပ်မတော်အစိုးရနှင့် နိုင်ငံရေးပါတီများကိုလည်း ထင်ဟပ်ကြည့်မိပါ၏။

**အမျိုးမျိုးစဉ်းစားချင့်ချိန်**

မိဘနှင့်သားသမီးကြားတွင် သားသမီးများက လိုချင်တောင့်တကြပါသည်။ စားချင်၊ သွားချင်၊ လာချင်၊ ဝတ်ချင်ကြသည်။ မိဘများကမူ ပူပင်ကြောင့်ကြကြပါသည်။ သားသမီး လိုအင်ဆန္ဒကို လိုက်လျောလိုက်လျှင် နောက်ဆက်တွဲဘာဖြစ်မလဲ၊ သားသမီးရှေ့ရေးကို

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

**တပ်မတော်အစိုးရအနေဖြင့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည် ဖော်နေချိန်တွင် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးရရှိစေရန်အတွက် စိတ်ရှည်သည်းခံစွာဖြင့် ကိုင်တွယ် ဆောင်ရွက်ခဲ့သည်ကို တွေ့ရ၏။ သို့သော် မင်းကိုနိုင်တို့သည် တပ်မတော်အစိုးရ၏ လုပ်ဆောင်ချက်ကို အပြုသဘောဖြင့် မမြင်နိုင်ဘဲ အစိုးရ၏အားနည်းချက်အဖြစ် ရှုမြင်လာခဲ့။ အထူးသဖြင့် ပြည်ပမီဒီယာများ၊ နိုင်ငံခြားသံတမန်များ၏ မြှောက်ပင့်ပေးမှုများတွင် သာယာလာပြီး တပ်မတော်အစိုးရအနေဖြင့် ၎င်းတို့အဖွဲ့ကို မတို့ရဲ၊ မထိရဲဖြစ်နေသည်ဟု သွေးနားထင်ရောက်ခဲ့ပုံရ၏။**

**တပ်မတော်အစိုးရသည် ပြည်သူလူထုက လိုလားတောင့်တနေသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ပေးရန် ဆုံးဖြတ်ထားခဲ့ပြီးဖြစ်၏။ ၁၉၈၈ခုနှစ် ဇူလိုင်လတွင် ပြုလုပ်ခဲ့သည့် ပါတီညီလာခံ၌ ပါတီစုံစနစ်နှင့် တစ်ပါတီစနစ်ကို ရွေးချယ်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲ လုပ်သင့် မလုပ်သင့် ဆွေးနွေးချိန်တွင် တပ်မတော်ပါတီကော်မတီ ကိုယ်စားလှယ်အဖွဲ့ကသာ တစ်ပါတီဖြစ်စေ၊ ပါတီစုံဖြစ်စေ၊ တပ်မတော်ကို ပေးအပ်လာတဲ့ တာဝန်ဟူသမျှကို အစွမ်းကုန်ကျေပွန်စွာ ဆောင်ရွက်ပါ့မယ်၊ ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်ရင်လည်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ပါ့မယ်လို့ တင်ပြခဲ့တာကို မှတ်သားမိ။ ထို့ကြောင့်လည်း ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူပြီးချိန်တွင် ပြည်သူ့ဆန္ဒနှင့်အညီ မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုခဲ့သည်ကို တွေ့ရ။**

**ဖွဲ့စည်းပုံအခြေခံ ဥပဒေ( မူကြမ်း )ကို ပြည်သူလူထုက အတည်ပြုခဲ့လျှင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများပြုလုပ်ခြင်း၊ လွှတ်တော်အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ အစိုးရဖွဲ့စည်းခြင်း စသည့် ဒီမိုကရေစီစနစ်သို့ ရှေးရှုသည့်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်။ တပ်မတော်အနေဖြင့်လည်း မူဝါဒလမ်းစဉ်( ၇ )ရပ်ကို မဖြစ်မနေ ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်းနှင့် ထိုလမ်းစဉ်( ၇ )ရပ်ကို နှောင့်နှေးအောင်၊ ပျက်ပြားအောင် လုပ်ဆောင်မှုမှန်သမျှကို လက်ခံမည်မဟုတ်ကြောင်း အတိအလင်း ထုတ်ဖော်ကြေညာထားပြီးဖြစ်။**

စာမျက်နှာ ၉ မှ

ထိခိုက်မလား၊ မိသားစုအခြေအနေ ဘယ်လိုရှိသလဲ စသည်ဖြင့် အမျိုးမျိုးစဉ်းစား ချင့်ချိန်ကြပါသည်။ ထိုအခြေအနေတွင် မိဘက သားသမီးအပေါ် ယုံကြည်မှုရှိလျှင် သားသမီးများ၏ တောင့်တချက်ကို အလွယ်တကူ ဖြည့်ဆည်းပေးမည်ဖြစ်ပြီး ယုံကြည်မှုမရှိလျှင်မူ အကြိမ်ကြိမ် ချင့်ချိန်ပြီးမှခွင့်ပြုမည်။ သို့မဟုတ် လုပ်ဆောင်ခြင်းမပြုရန် တားဆီးမည်သာဖြစ်သည်။

ထိုသို့ဆိုလျှင် တပ်မတော်အစိုးရသည်လည်း မိဘသဖွယ် နိုင်ငံရေးပါတီများကို ရှုမြင်မည်သာဖြစ်ပါသည်။ **နိုင်ငံရေးပါတီများအနေဖြင့် တာဝန်သိသိ ကျင့်ကြံပြောဆိုပြုမူနေမည်ဆိုလျှင် ပါတီများ၏ ရည်ရွယ်ချက်အပေါ် ယုံကြည်မှုရှိလာမည်သာဖြစ်ပါသည်။ ထိုသို့မဟုတ်ဘဲ အစိုးရလုပ်သမျှ ဆန့်ကျင်နေမည်၊ မြေပေါ်၊ မြေအောက် နှစ်ဖက်ညှပ်ပြီး အကျပ်ကိုင်ရန် ကြိုးစားနေမည်ဆိုပါက မည်သည့်အခါမျှ ယုံကြည်မှုရှိလိမ့်မည်မဟုတ်ပါ။ ယုံကြည်မှုမရှိသည်နှင့်အမျှ ကြပ်မတ်ထိန်းကျောင်းမှုလည်း ရှိနေမည်သာဖြစ်ပေသည်။**

## ယုံကြည်စွာဆက်ဆံဖို့ အတော်ပင်ခက်ခဲ

**၁၉၈၈ခုနှစ်မှစပြီး NLD ပါတီ၏ လုပ်ဆောင်ချက်များကို ကြည့်ပါက အစိုးရမဆိုထားနှင့် ပြည်သူတွေအနေဖြင့်ပင် NLD အပေါ်ယုံကြည်မှုရှိရန် ခက်ခဲလှပါသည်။ NLD အနေဖြင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး၊ သင့်မြတ်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး စသော စကားလုံးများကို တွင်တွင် သုံးနေသည့်တိုင် လုပ်ရပ်များက ထိုစကားလုံးများနှင့် ဆန့်ကျင်ဘက် ဖြစ်နေပေသည်။ စီးပွားရေး၊ လူမှုဆက်ဆံရေးနယ်ပယ်များတွင်ပင်လျှင် မိမိနောက်ကျောကိုဓားဖြင့်ထိုးရန် အမြဲကြိုးစားနေသူတစ်ဦးကို ယုံကြည်စိတ်ချစွာ ဆက်ဆံရန် ခက်ခဲလှပေရာ တပ်မတော်အစိုးရအနေဖြင့် မြေပေါ်၊ မြေအောက် နည်းလမ်းအမျိုးမျိုးဖြင့် အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော ပြည်ပအကူအညီကို ဖြောင့်ကျကျရယူနေသော NLD လို ပါတီမျိုး၊ မင်းကိုနိုင်တို့လို အဖွဲ့မျိုးကို ယုံကြည်စွာ ဆက်ဆံဖို့ဆိုသည်မှာ အတော်ပင်ခက်ခဲသောကိစ္စ ဖြစ်ပါသည်။**

တပ်မတော်အစိုးရသည် ပြည်သူလူထုက လိုလားတောင့်တနေသော ဒီမိုကရေစီစနစ်ကို **အကောင်အထည်ဖော်ပေးရန် ဆုံးဖြတ်ထားခဲ့ပြီးဖြစ်ပါသည်။ ၁၉၈၈ခုနှစ် ဇူလိုင်လတွင် ပြုလုပ်ခဲ့သည့် ပါတီညီလာခံ၌ ပါတီစုံစနစ်နှင့် တစ်ပါတီစနစ်ကိုရွေးချယ်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲ လုပ်သင့် မလုပ်သင့် ဆွေးနွေးချိန်တွင် တပ်မတော်ပါတီကော်မတီ ကိုယ်စားလှယ်အဖွဲ့ကသာ တစ်ပါတီဖြစ်စေ၊ ပါတီစုံဖြစ်စေ၊ တပ်မတော်ကို ပေးအပ်လာတဲ့ တာဝန်ဟူသမျှကို အစွမ်းကုန်ကျေပွန်စွာ ဆောင်ရွက်ပါ့မယ်၊ ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်ရင်လည်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီ ဆောင်ရွက်ပါ့မယ်လို့ တင်ပြခဲ့တာကို မှတ်သားမိပါသည်။ ထို့ကြောင့်လည်း ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူပြီးချိန်တွင် ပြည်သူ့ဆန္ဒနှင့်အညီ မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုခဲ့သည်ကို တွေ့ရပါသည်။**

## ပါတီများဖွဲ့စည်းပေးခဲ့သည်ကို တွေ့နိုင်

၁၉၆၂ခုနှစ်တွင် တပ်မတော်က အာဏာကိုလွှဲပြောင်းရယူခဲ့သည့် ဖြစ်စဉ်ကို ကြည့်လျှင်လည်းကောင်း၊ မကြာမီက ဖြစ်ပေါ်ခဲ့သည့် ထိုင်းနိုင်ငံတွင် တပ်မတော်မှ အာဏာလွှဲပြောင်းယူခဲ့သည့်ဖြစ်စဉ် အပါအဝင် နိုင်ငံတကာဖြစ်ရပ်များကိုလည်းကောင်း လေ့လာပါက တပ်မတော်အနေဖြင့် အာဏာကို လွှဲပြောင်းရယူချိန်တွင် နိုင်ငံရေးသမား အနည်းနှင့်အများဆိုသလို ခေါ်ယူထိန်းသိမ်းလေ့ရှိသည်ကို တွေ့နိုင်ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့ တပ်မတော်မှ အာဏာလွှဲပြောင်းရယူခဲ့ချိန်တွင်မူ ယနေ့ဒီမိုကရေစီခေါင်းဆောင် အမည်ခံနေသူများကိုရော၊ ၈၈ မျိုးဆက် အမည်ခံနေသူများကိုပါ ဖမ်းဆီးထိန်းသိမ်းခြင်း မရှိသည့်အပြင် စက်တင်ဘာလ ၂၇ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းပေးပြီး ပါတီများဖွဲ့စည်းပေးခဲ့သည်ကို တွေ့နိုင်ပါသည်။ ထိုအချိန်တွင် အောင်စုတင်အဖွဲ့က NLD ဖြစ်လာသကဲ့သို့ မင်းကိုနိုင်၊ မိုးသီးဇွန်တို့ အပါအဝင် ကျောင်းသားများကလည်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မျိုးချစ်ဒီမိုကရက်တစ်၊ လူငယ်တပ်ပေါင်းစု၊ မျိုးဆက်သစ်အားမာန်လူငယ့်တပ်ဦး၊ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု(လူငယ်) စသည်ဖြင့် ပါတီအမျိုးမျိုးကို ဖွဲ့စည်းလှုပ်ရှားခဲ့ကြသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ထို့ပြင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အသက်ကို ၂၁နှစ်ရှိပြီးသူဖြစ်ရန် သတ်မှတ်ပေးထားခြင်းကြောင့် နိုင်ငံတကာ စံနှုန်းများထက်များစွာ လျှော့ချပေးထားကာ ကျောင်းသားများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးသည်ကို တွေ့နိုင်ပါသည်။ ထိုအချက်များက တပ်မတော်အနေဖြင့် နိုင်ငံရေးသမား အဟောင်းအသစ်များ၊ ကျောင်းသားများ အားလုံးကို ဒီမိုကရေစီစနစ်ဖော်ဆောင်ရာမှာ လုပ်ဖော်ကိုင်ဖက်အဖြစ် လက်တွဲသွားရန် မျှော်လင့်ခဲ့ကြောင်း အထင်အရှားဖော်ပြနေခြင်းဖြစ်သည်။

## အစိုးရဖြုတ်ချရေး အစဉ်တစိုက်လုပ်ဆောင်ခဲ့ကြ

ခက်သည်က NLD ရော၊ မင်းကိုနိုင်တို့ကပါ တပ်မတော်ကို ဒီမိုကရေစီစနစ်တည်ဆောက်ရေး၌ လုပ်ဖော်ကိုင်ဖက်အဖြစ် မမြင်နိုင်ဘဲ ၈၈ခုနှစ်တွင် သူတို့ပါးစပ်ထဲရောက်တော့မည့် အာဏာ ထမင်းလုပ်ကို ပုတ်ချသူများအဖြစ် မြင်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် NLD နှင့် မင်းကိုနိုင်တို့အဖွဲ့က တပ်မတော်ကို လမ်းစဉ်ပါတီကို ဆက်ခံသူအဖြစ်ရှုမြင်ပြီး ၁၉၈၈ခုနှစ်ပုံစံ လှုပ်ရှားမှုဖြင့် အစိုးရဖြုတ်ချရေးကို အစဉ်တစိုက် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ၁၉၈၈ခုနှစ်မှ ၁၉၈၉ခုနှစ်အတွင်း NLD နှင့် မင်းကိုနိုင်၊ မိုးသီးဇွန်တို့၏ လှုပ်ရှားမှုများကိုပြန်ကြည့်ပါက မြေပေါ်ပါတီအဖြစ် ရပ်တည်သကဲ့သို့ ဗကသ၊ မကသ အဖွဲ့များကို မြေအောက်အဖွဲ့အစည်းများအဖြစ်ဖွဲ့စည်းကာ အစိုးရကို မြေပေါ်မြေအောက် နှစ်ဖက်ညှပ်ပြီး ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်တိုက်ခိုက်နေမှုများသာ ဖြစ်သည်ကိုတွေ့ရမည်ဖြစ်ပါသည်။ နောက်ဆုံးတွင် နယ်စပ်ဒေသရှိ အကြမ်းဖက်သောင်းကျန်းသူနှင့် ဆက်သွယ်ပြီး မြေပေါ်မြေအောက်နှင့် လက်နက်ကိုင်တိုက်ပွဲများ ဆက်စပ်လှုပ်ရှားရန်အထိ ခြေလှမ်းကျဲလာခဲ့ကြပါသည်။ ထိုလုပ်ရပ်များကြောင့်ပင် ၁၉၈၉ ခုနှစ်အတွင်းတွင် NLD ခေါင်းဆောင်များနှင့် မင်းကိုနိုင်၊ ကိုကိုကြီး စသူတို့အား ထိန်းသိမ်းအရေးယူခဲ့ရခြင်း၊ မိုးသီးဇွန် ပြည်ပသို့ ထွက်ပြေး တိမ်းရှောင်သွားခြင်းတို့ ဖြစ်ခဲ့ရခြင်းဖြစ်ပါသည်။

မင်းကိုနိုင်အဖွဲ့သည် ယခုလည်း ထိုပုံစံအတိုင်းပင် ပြန်လည်လုပ်ဆောင်လာခြင်းဖြစ်သည်။ ၎င်းတို့က ၁၉၈၈ မျိုးဆက် ကျောင်းသားများဟု အမည်ခံယူခဲ့ခြင်းသည် ၁၉၈၈ခုနှစ်က ပြည်သူတွေ လိုလားခဲ့သည့် အေးချမ်းတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် တို့ကို အကောင်အထည်ဖော်ပေးရန် ဆိုသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ခံယူခဲ့ခြင်း မဟုတ်ပါ။ ၁၉၈၈ခုနှစ်က လမ်းစဉ်ပါတီအစိုးရကို ဆူပူအကြမ်းဖက်မှုများဖြင့် ဖြုတ်ချရန် ကြိုးပမ်းမှု၊ မြေပေါ်မြေအောက် ပေါင်းစပ်လှုပ်ရှားမှု စသည်တို့ကို ဆက်လက်ဆောင်ရွက်မည်ဟူသည့် အဓိပ္ပာယ်ကို ယူခဲ့ခြင်းသာဖြစ်သည်။ ထိုသဘောအတိုင်းလည်း လုပ်ဆောင်လာခဲ့ပါသည်။ ထို့ကြောင့် တပ်မတော်အစိုးရက မင်းကိုနိုင်တို့အပေါ် အရေးယူမှုပြုလုပ်လာရသည်မှာ ဘာမှမဆန်းဟု ဆိုရပါမည်။

## မူဝါဒလမ်းစဉ်များပျက်ပြားအောင်လုပ်ဆောင်မှု လက်ခံမည်မဟုတ်

**ယခုကျင်းပနေသည့် အမျိုးသားညီလာခံသည်လည်း မကြာမီပြီးစီးတော့မည် ဖြစ်ပါသည်။ ထို့နောက် မကြာမီတွင် အမျိုးသားညီလာခံမှ ချမှတ်ထားခဲ့သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခြင်း၊ ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ခြင်း စသည့် ကျန်အဆင့်များကို ဆက်လက် အကောင်အထည်ဖော်ကြရပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို ပြည်သူလူထုက အတည်ပြုခဲ့လျှင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများ ပြုလုပ်ခြင်း၊ လွှတ်တော်အဆင့်ဆင့် ဖွဲ့စည်းခြင်း၊ အစိုးရဖွဲ့စည်းခြင်း စသည့်ဒီမိုကရေစီစနစ်သို့ ရှေးရှုသည့်လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်ကြရဦးမည်ဖြစ်ပါသည်။ တပ်မတော်အနေဖြင့်လည်း မူဝါဒလမ်းစဉ်(၇)ရပ်ကို မဖြစ်မနေ ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်းနှင့် ထိုလမ်းစဉ်(၇)ရပ်ကို နှောင့်နှေးအောင်၊ ပျက်ပြားအောင် လုပ်ဆောင်မှုမှန်သမျှကို လက်ခံမည်မဟုတ်ကြောင်း အတိအလင်း ထုတ်ဖော်ကြေညာထားပြီး ဖြစ်ပါသည်။**

မူဝါဒလမ်းစဉ်(၇)ရပ်မှာ မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ်ဖော်ဆောင်ရန်အတွက် မည်သည့်အဖွဲ့အစည်းက လုပ်ဆောင်သည်ဖြစ်စေ၊ မလွဲမသွေ လုပ်ဆောင်ရမည့် အဆင့်များဖြစ်ပါသည်။ ထိုအဆင့်အားလုံးတွင် NLD သည် ပါတီဝင်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်လည်းကောင်း တာဝန်သိသိ စည်းကမ်းရှိရှိဖြင့် ပါဝင်သင့်ကြပါသည်။ ထိုသို့မဟုတ်ဘဲ ယခုလက်ရှိကျင့်သုံးနေသည့်အပြုအမူ၊ အကျင့်အကြံ၊ မူဝါဒများကိုသာ ဆက်လက်ကျင့်သုံး လုပ်ဆောင်နေမည်ဆိုလျှင် NLD အနေဖြင့် မိဘ၏ အမွေပြတ်စွန့်လွှတ်ခြင်းကိုခံရသော သားသမီးကဲ့သို့ပင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ အပြင်သို့ စွန့်ထုတ်ပစ်ပယ်ထားခြင်းခံရမည်ကို စိုးရိမ်မိပါသည်။ ။

29-8 (10) 1 8/29/07, 1:13 AM

စာမျက်နှာ ၇ မှ

(၄) တရားမဥပဒေများ၊ ကျင့်ထုံးများအပါအဝင်၊ ပဋိညာဉ်၊ အနုညာတ စီရင်ဆုံးဖြတ်ရေး၊ တရားစွဲဆိုပိုင်ခွင့်ရှိသော နစ်နာချက်များ၊ လူမွဲအဖြစ်ခံယူခြင်း၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့် ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာဥပဒေများ၊ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေး၊

(၅) သက်သေခံဥပဒေ၊

(၆) ကာလစည်းကမ်းသတ်၊

(၇) အမှုတန်ဖိုးသတ်မှတ်ခြင်း၊

(၈) သီးခြားသက်သာခွင့်၊

(၉) နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ၊

(၁၀) ပင်လယ်ရေကြောင်း စီရင်ပိုင်ခွင့်၊

(၁၁) ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့၏ ဥပဒေပြုစာရင်း။**

၁၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့ တိုင်း သို့မဟုတ် ဒေသအတွက် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းသည်–

(က) မြို့ပြနှင့် ကျေးရွာစီမံကိန်းများ(Town and Village Plan)

(ခ) လမ်းတံတားများ ဖောက်လုပ်တည်ဆောက် ပြုပြင်ထိန်းသိမ်းရေး၊

(ဂ) ပြည်သူ့ကျန်းမာရေး၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်း၊

(င) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊

(စ) စားကျက်မြေများထိန်းသိမ်းရေး၊

(ဆ) သစ်တောများ ကာကွယ်ထိန်းသိမ်းရေး၊

(ဇ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊

(ဈ) မြို့နှင့် ကျေးရွာများအတွင်း ရေနှင့် လျှပ်စစ်မီးဆိုင်ရာကိစ္စ၊

(ည) မြို့များနှင့် ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စ။

**အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုခြင်း။**

၁၃။ ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်။

**ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခြင်း။**

၁၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကိုဖြစ်စေ ဥပဒေပြုခွင့်အပ်နှင်းထားသောကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က လိုအပ်သော ဥပဒေကို ပြဋ္ဌာန်းပေးရမည်။

**ဥပဒေများ၏ အကျိုးသက်ရောက်မှု။**

၁၅။ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းပြီး–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(ဂ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(ဃ) ပြည်ထောင်စု လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်သည် လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။ ။

# ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်




ရန်ကုန် ဩဂုတ် ၂၈

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့် ဖတ်ကြားတင်ပြသည့် ‘ဥပဒေပြုရေးအခန်း’တွင် ပါဝင်သော ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် လွှတ်တော်အဆင့်ဆင့်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်းရှိ ပြည်ထောင်စုလွှတ်တော်နှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည်–**



**အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့် ဖတ်ကြား တင်ပြစဉ်။**

(သတင်းစဉ်)

**ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။**

၁၆။ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး–

(က) ပြည်ထောင်စုဝန်ကြီးဌာနများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်၍ ပြည်ထောင်စုဝန်ကြီးဌာနများအပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အရအသုံးငွေစာရင်း လျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံး ငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ကျန်ဒုတိယသမ္မတတစ်ဦးက ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်း လျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်၊

(ဂ) ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်း အပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြနိုင်ရေးအတွက်လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်သင့်သည့်ကိစ္စများကို အကြံပြုနိုင်ရေးအတွက်လည်းကောင်း၊ ခိုင်မာသော ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးအပ်သည့် ကိစ္စရပ်များကို လည်းကောင်း ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–

| | | |
|---|---|---|
| (၁) | နိုင်ငံတော်သမ္မတ | – ဥက္ကဋ္ဌ |
| (၂) | ဒုတိယသမ္မတများ | – ဒုတိယဥက္ကဋ္ဌများ |
| (၃) | ပြည်ထောင်စုရှေ့နေချုပ် | – အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုစာရင်းစစ်ချုပ် | – အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးဝန်ကြီးချုပ်များ နှင့် ပြည်နယ်ဝန်ကြီးချုပ်များ | – အဖွဲ့ဝင်များ |
| (၆) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ | – အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး | – အတွင်းရေးမှူး |

(ဃ) (၁) ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ရမည့် ရာထူးနေရာတွင် အကြောင်းတစ်စုံတစ်ရာကြောင့် တာဝန်ပေးအပ်ခြင်းခံရသူ မရှိသေးပါက နိုင်ငံတော်သမ္မတသည် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ယာယီအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်သည်၊

(၂) ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရမည်။ ထို့ပြင် ဘဏ္ဍာရေးကော်မရှင်အတွက် လိုအပ်သောအမိန့်၊ ညွှန်ကြားချက် စသည်များကိုလည်း နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ထုတ်ပြန်ကြေညာနိုင်သည်။

(င) ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့် ချေးငွေများ ထုတ်ချေးခြင်းတို့ပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ထောက်ခံတင်ပြရမည်၊

(စ) ဘဏ္ဍာရေးကော်မရှင်သည် လိုအပ်ပါက ဘဏ္ဍာရေးကျွမ်းကျင်သူများ၏ အကြံဉာဏ်များကို ရယူနိုင်သည်၊

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်း။**

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်သည် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်၊

(ဇ) ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ပါရှိသော–

(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ပြည်ထောင်စုက ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ ပြည်ထောင်စုက ချေးယူငွေများနှင့် ဆက်နွယ်သော အခြားကုန်ကျစရိတ်များ၊

(၃) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

(၄) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုခုအရဖြစ်စေ ကျခံရမည့် အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းမပြုရ။

(ဈ) အထက် အပိုဒ်(ဇ)ပါ အသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များအတွက်ကိုမူ ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်၊

(ည) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်၊

(ဋ) ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသည့်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ်ရငွေများ လျာထားရန်နှင့် သုံးငွေများ ခွင့်ပြုရန် လိုအပ်သည့်အခါ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို အထက်ပါနည်းလမ်းများအတိုင်း ပြဋ္ဌာန်းဆောင်ရွက်ရမည်၊

(ဌ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေပါအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရမည်၊

(ဍ) ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို သက်ဆိုင်ရာဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ်သလိုဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

ယင်းသို့ဆောင်ရွက်ရာတွင်–

(၁) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ အကြီးအကဲများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊

(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့်အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်၊ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

# ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော်နာယကက ခေါ်ယူကျင်းပနိုင်သည်

*စာမျက်နှာ ၁၁ မှ*

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ။**

(ဃ) တိုင်းဒေသကြီး သိုမဟုတ် ပြည်နယ်များက ဥပဒေနှင့်အညီ ကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည့် အခွန်အခများမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) မြေယာခွန်၊
(၂) ယစ်မျိုးခွန်၊
(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆည်များ၊ တာတမံများကို အရင်းခံသည့် ရေခွန်၊ တာတမံခွန်နှင့် ထိုဆည်များ၊ တာတမံများ၏ ရေအားဖြင့် ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားသုံးစွဲခ၊
(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများဖြတ်သန်းခ၊
(၅) (ကက) ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး(Royalty)၊
(ခခ) သတ်မှတ်ထားသောအကွာအဝေးအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး(Royalty)
(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်း၊ ရေလမ်းသုံး ယာဉ်များဆိုင်ရာ ဥပဒေအရ စည်းကြပ်သောအခွန်၊
(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းရငွေနှင့် ငှားရမ်းခများ၊ ယင်းပစ္စည်းများမှ ရရှိသော အခြားအကျိုးအမြတ်များ၊
(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများ၊
(၉) တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တရားရုံးများက ချမှတ်သည့် ဒဏ်ငွေများ၊ ဝန်ဆောင်မှုအတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ၊
(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသောအတိုးများ၊
(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိသည့် အကျိုးအမြတ်များ၊
(၁၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများ–
(ကက) ကျွန်းနှင့်သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်၊
(ခခ) ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများအပေါ် ကောက်ခံသည့်အခွန်၊
(၁၃) မှတ်ပုံတင်ကြေး၊
(၁၄) ပွဲခွန်၊
(၁၅) ဆားခွန်၊
(၁၆) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ၊
(၁၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊
(၁၈) ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့် ပစ္စည်းများ၊
(၁၉) ရတနာသိုက် (Treasure Trove)။
(ဏ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်။

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည့်အခြားအခွန်အခများ။**

(တ) ပြည်ထောင်စုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံခွင့်ရှိသော အခွန်အခများမှအပ အခြားအခွန်အခများကို ဥပဒေနှင့်အညီ ကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်၊
(ထ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရန် သတ်မှတ်ထားသည့် ရငွေများနှင့် အခွန်အခအမျိုးအစားများကို ပြည်ထောင်စုနယ်မြေများအတွက် ကောက်ခံရန်ရှိပါက ပြည်ထောင်စုက ဥပဒေနဲ့အညီ ကောက်ခံပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်၊
(ဒ) ပြည်ထောင်စုသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်။

**လွှတ်တော်အဆင့်ဆင့်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများ**
**ပြည်ထောင်စုလွှတ်တော်**
**ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပခြင်း။**

၁။ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးစတင်သည့်နေ့မှစ၍ ၁၅ရက်အတွင်း ကျင်းပရမည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပရမည်။

၂။ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယကက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန် အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လ ထက်မပိုစေရ။

၃။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–
(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ခ) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊
(ဈ) ပြည်ထောင်စုလွှတ်တော် နာယကက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၄။ ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပနိုင်သည်။

၅။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကိုခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော် နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၆။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးလေးပုံတစ်ပုံက တောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော်နာယကက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်၊
(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက် ကျင်းပသောအစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်၊

၈။ (က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့်အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်၊
(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ ပြည်ထောင်စု လွှတ်တော်နာယက သို့မဟုတ် နာယကတာဝန်ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့်ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ 'အနိုင်မဲ'ပေးရမည်။

၉။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော်နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော်နာယကက သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

၁၀။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စု လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော် လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

**ဥပဒေကြမ်းတင်သွင်းခြင်း။**

၁၂။ (က) ပြည်ထောင်စုလွှတ်တော်သည် "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စု တစ်ဝန်းလုံးအတွက်သော် လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်၊
(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင် ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော် နှစ်ရပ်စလုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

၁၃။ (က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ–
(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊
(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။
(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်၊
(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးက နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြည်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်၊
(ဃ) နည်းဥပဒေ၊စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်၊
(င) နည်းဥပဒေ၊စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ) သို့မဟုတ် (ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေသို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

၁၄။ ပြည်ထောင်စုလွှတ်တော်သည်–
(က) နိုင်ငံတော်သမ္မတက တင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်၊
(ခ) အပြည်ပြည်ဆိုင်ရာ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သော စာချုပ် သို့မဟုတ် သဘောတူညီချက်အမျိုးအစားကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့် လွှဲအပ်နိုင်သည်။

၁၅။ (က) ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–
(၁) ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊
(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊
(၃) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။
(ခ) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်အခါ–
(၁) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြု၊ မပြု ဆုံးဖြတ်ရမည်၊
(၂) အတည်ပြုရန်ဆုံးဖြတ်ပါက ယင်းအမိန့် ဆက်လက်အာဏာတည်ရမည့် အချိန်ကာလကို သတ်မှတ်ပေးရမည်၊
(၃) အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၁၆။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်၊
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၇။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ရှိသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၂ မှ*

၁၈။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်။

၁၉။ ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

**ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း။**

၂၀။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်၊

(ခ) နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်၊

(ဂ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာခြင်းမပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၁။ (က) နိုင်ငံတော်သမ္မတထံပေးပို့ထားသော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏ သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့လျှင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည် သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုရန် ဆုံးဖြတ်နိုင်သည်၊

(ခ) နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော ဥပဒေကြမ်း သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ မူလအတိုင်း အတည်ပြုသော ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်း ပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်၊

(ဂ) ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပေးပို့သော ဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၂။ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှ စ၍ အာဏာတည်ရမည်။

၂၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောဆို ဆွေးနွေးခွင့်ရှိသည်။

**ပြည်ထောင်စုလွှတ်တော်နာယက၏ လုပ်ငန်းတာဝန်များ။**

၂၄။ ပြည်ထောင်စုလွှတ်တော်နာယကသည်–

(က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်၊

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မအား ဖိတ်ကြားရမည်၊

(ဂ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ရှင်းလင်း တင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်၊

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

၂၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။

၂၆။ (က) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော် ပူးပေါင်း ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်တွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ ရှိခဲ့ပါက ယင်းတို့သည် ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲ ဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

၂၇။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တက်ရောက်နေသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော် နာယက၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

၂၈။ ပြည်ထောင်စုလွှတ်တော်က သော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့်အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။ ။

*✻ ကျောဖုံးမှ*

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေး ပါတီနှင့် ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ်ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော် (AA) အဖွဲ့၊ ဟိုမိန်း ဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရှေ့ပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

**သဘာပတိ**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲ တွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ (ခေါ်)ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်းတူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ညီလာခံ ကိုယ်စားလှယ် ၁၀၅၆ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၆ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်က ‘ဥပဒေပြုရေးအခန်း’ တွင်ပါဝင်သော ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် လွှတ်တော်အဆင့်ဆင့်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်းရှိ ပြည်ထောင်စုလွှတ်တော်နှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများကို စတင်ဖတ်ကြား တင်ပြသည်။

**(ဦးကံညွန့် ဖတ်ကြားတင်ပြသည့် ‘ဥပဒေပြုရေးအခန်း’ ကို သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်းက ‘ဥပဒေပြုရေးအခန်း’တွင် ပါဝင်သော လွှတ်တော်အဆင့်ဆင့်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအပိုင်းရှိ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများကို ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ခေတ္တရပ်နားသည်။

**(ဦးကျော်ဝင်းထွန်း ဖတ်ကြားတင်ပြသည့် ‘ဥပဒေပြုရေးအခန်း’ကို ဆက်လက်ဖော်ပြသွားပါမည်။)**

**ဆက်လက်ဖတ်ကြား**

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံကချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်က‘ဥပဒေပြုရေးအခန်း’ တွင်ပါဝင်သော လွှတ်တော်အဆင့်ဆင့်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်းရှိ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်နှင့် စပ်လျဉ်းသည့် အသေးစိတ် အခြေခံရမည့်မူများကို ဆက်လက်ဖတ်ကြားတင်ပြသည်။

**(ဒေါက်တာမောင်မောင်ဝင့် ဖတ်ကြားတင်ပြသည့် ‘ဥပဒေပြုရေးအခန်း’ ကို ဆက်လက်ဖော်ပြသွားပါမည်။)**

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခက ‘အုပ်ချုပ်ရေးအခန်း’တွင် ပါဝင်သော အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများကို ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ နံနက် ၁၁ နာရီတွင် ရပ်နားလိုက်သည်။

**(ဦးတင်ခ ဖတ်ကြားတင်ပြသည့် ‘အုပ်ချုပ်ရေးအခန်း’ကို ဆက်လက်ဖော်ပြသွားပါမည်။)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဩဂုတ် ၃၀ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပြန်လည်ထွက်ခွာ

### ပို့ဆောင်နှုတ်ဆက်

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)



ရန်ကုန် ဩဂုတ် ၂၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၉ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။**

### ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် တပ်မတော် အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်သို့ သွားရောက်ကြပြီး လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့်ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင် ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ်၏ Assistant Chief of Staff ဖြစ်သူ General, Athikom Tanloet သည် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ဆက်လက်၍ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် မင်းဓမ္မလမ်းရှိ ဆင်ဖြူတော် ဥယျာဉ်သို့ သွားရောက်ကြပြီး ဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်၏ Assistant Chief of Staff ဖြစ်သူ General, Athikom Tanloet သည်ဆင်ဖြူတော်များအတွက် ရိက္ခာအလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများ လက်ခံကြသည်။

ထိုမှတစ်ဆင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ရွှေတိဂုံစေတီတော် ဂေါပက အဖွဲ့ဝင်များက ကြိုဆိုကြသည်။

### ဆက်ကပ်ပူဇော်

ယင်းနောက် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရွှေတိဂုံ စေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်းမှ တစ်ဆင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်၏ Assistant Chief of Staff ဖြစ်သူ General, Athikom Tanloet သည် ရွှေတိဂုံ စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဓမ္မလက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး သာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

### ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြပြီး ပြတိုက်အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Counicil for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General,Sonthi Boonyaratglin ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ထိုသို့ ပြန်လည်မထွက်ခွာမီ ဧည့်သည်တော်ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဗီစီဒီကို လက်ဆောင်အဖြစ် ပေးအပ်သည်။

### အမှတ်တရလက်ဆောင်ပေး

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှဌွေးဝင်းအား အမှတ်တရလက်ဆောင်ကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့် တပ်မတော် ကြည်းတပ် ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၈-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ ဝိပဿနာဆိုတာ အရှုံးမရှိပါ တရားတော် [ဩောင်ပင်သာ ဆရာတော် ဘဒ္ဒန္တမာလာစာရ (ဓမ္မာစရိယ)]
- ၇း၅၅ တေးဂီတအစီအစဉ်
- ၈း၀၀ International Video Topics (စွမ်းအားမြင့်မား သံလိုက်ကျည်ဆန်ရထားကြီးများ)
- ၈း၃၅ တေးဂီတအစီအစဉ်
- ၈း၄၀ မွန်မြတ်လှတဲ့ သာသနာ့အမွေ
- ၉း၀၀ တေးဂီတအစီအစဉ်
- ၉း၀၅ Midweek Sports News
- ၉း၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၃၅ အမျိုးသားရိုးရာ တိုင်းရင်းဆေးနည်းပညာ
- ၉း၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၅၅ မြေလတ်ရဲ့ ဆည်ကန်သာ မဒေးရေလှောင်တမံပါ
- ၁၀း၁၀ တေးဂီတအစီအစဉ်
- ၁၀း၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၂၀ IHBC သို့ အလည်တစ်ခေါက်
- ၁၁း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၁၅ သူနဲ့ပဲနေတော့မယ် (ငှက်ပျောကြော်၊ ကြူကြူသင်း) [ဒါရိုက်တာ-ရွှေဦး (MRTV)]
- ၁၁း၂၅ တေးဂီတအစီအစဉ်
- ၁၁း၃၀ ရေထဲကငွေ
- ၁၁း၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၄၅ ဟူးကောင်းကျားများ တည်တံ့ဖို့ ဗိုင်းဝန်းထိန်းသိမ်းစို့
- ၁၂း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၂း၃၀ စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါက်တာ မတင်ဝင်း)
- ၁း၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား

**၂၉-၈-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၀၀ ၇။ အတီးပြိုင်ပွဲ
- ၈း၁၀ ၈။ တေးဂီတအစီအစဉ်
- ၈း၂၀ ၉။ လုပဝင့်ကြွား ဖောင်တော်ကြီးဆိပ်ခံတံတား
- ၈း၃၀ ၁၀။ International News
- ၈း၄၅ ၁၁။ Let's Go
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဒဿနိကဗေဒ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ပထဝီဝင်၊ ဥပဒေပညာ၊ သမိုင်းအထူးပြု) [ဒဿနိကဗေဒ]
- ၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၀၀ ၅။ "ငါးရစ်မျိုးငါး တို့မစား" ဇေရာ၊ ခိုင်သင်းကြည်၊ မေပိုးအိ၊ ညိုညိုစိမ့်၊ မြသက်ထား (ဒါရိုက်တာ-ရဲဝင်းနီ)
- ၁၇း၁၀ ၆။ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြဇာတ်ပြိုင်ပွဲဆွေးနွေးခန်း) (အပိုင်း-၁)
- ၁၇း၂၀ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၁၈း၀၀ ၉။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉း၀၀ ၁၂။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် ပထမတန်းအဆင့်] (အမျိုးသမီး)
- ၁၉း၁၅ ၁၃။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆွေးနွေးခန်း (ကွက်စိပ်)
- ၁၉း၄၅ ၁၄။ "ဒီအိုတီအက်စ်" (ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း) (ဒါရိုက်တာ-သိန်းတန်)
- ၁၉း၅၀ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဝေဿန္တရာ ဇာတ်တော်ကြီး) (ဒုတိယဆု) ရန်ကုန်တိုင်း (ဒုတိယပိုင်း)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

# NLD ပါတီ၏ လုပ်ရပ်များကို ယုံကြည်မှုမရှိတော့သဖြင့် မော်လမြိုင်ကျွန်းမြို့နယ်မှ ပါတီဝင် ၁၆ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဩဂုတ် ၂၈**

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးအုန်းသိန်း၊ ဦးခင်ရွှေ၊ ဦးသိန်းနိုင်၊ ဦးမြင့်အောင်နှင့် ဦးကျော်မိုးလွင်တို့အပါအဝင် ပါတီဝင် ၁၆ဦးတို့သည် ဩဂုတ် ၂၄ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

### ယုံကြည်မှုမရှိတော့

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏လုပ်ရပ်များကို ယုံကြည်မှု၊ သဘောတူမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**



# ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)နှင့် အထွေထွေရောဂါကုဆေးရုံများသို့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ငွေလှူဒါန်း

မန္တလေး ဩဂုတ် ၁၈

**မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)သို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက်၉နာရီက ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)၌ ကျင်းပသည်။**



အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အလှူငွေကျပ်သိန်း၅၀နှင့် ဆန်အိတ်များပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းတင်ထွန်းက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် အထူးကုဆရာဝန်ကြီးများခရီးစဉ်တွင် ညွှန်ပို့လူနာများအား လိုအပ်သောခွဲစိတ်ကုသမှုပြုလုပ်ရန် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အလှူငွေကျပ် ၁၀သိန်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဝင်းဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# ငါန်းဇွန်၌ မိုးစပါးအပြည့်အဝစိုက်ပျိုးရေးနှင့် စီးပွားဖြစ်သီးနှံစိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး

ငါန်းဇွန် ဩဂုတ် ၂၂

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မြို့သာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ မိုးစပါး အပြည့်အဝစိုက်ပျိုးရေးနှင့်အခြားစီးပွားဖြစ်သီးနှံများ ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၇ရက် နံနက်၉နာရီက ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အဖွဲ့ဝင်များနှင့် စာရေးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးက ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း မိုးစပါးအပြည့်အဝစိုက်ပျိုးရေးနှင့် အခြားစီးပွားဖြစ်သီးနှံများ ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် ရှင်းလင်းရာ တက်ရောက်လာကြသော နယ်မြေတာဝန်ခံ အရာရှိများက လည်းကောင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်စာရေးများက လည်းကောင်း ပြန်လည်ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

**ဟသ်ာတခရိုင် မြန်အောင်မြို့နယ် မဲဇင်း(စံပြ)ကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲကို စာကြည့်တိုက် အဆောက်အအုံရှေ့၌ ဩဂုတ် ၈ရက်ကကျင်းပရာ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း၊ မဲဇင်း(စံပြ) ကျေးရွာ ဆရာတော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (ခရိုင် ပြန်/ဆက်)



# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**နေပြည်တော်လယ်ဝေး ဩဂုတ် ၁၂**

နေပြည်တော်လယ်ဝေး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဩဂုတ် ၄ရက် မွန်းလွဲ ၂နာရီက ကြောင်ရေစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ နိုင်ငံအဝန်း လူထုလှုပ်ရှားမှုအသွင်ဖြင့် ကွင်းဆင်းထုတ်ပေးရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကြောင်ရေကျေးရွာပြည်သူ ၄၂၈ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်သည်။ **(ဝဲပုံ)** **(စာပေနှင့်စာနယ်ဇင်း)**

**တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အုန်းတော ၂ ရပ်ကွက် ဗဟိုစည်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဩဂုတ်၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# ယမကပါဠိတော်အတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၈**

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် ယမကပါဠိတော်(ပထမအုပ်) အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဥာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ မြောက်ဥက္ကလာပ မြို့နယ် (စ)ရပ်ကွက် မေဓာဝီလမ်း အမှတ်(၂၄၂)နေ မိခင်ကြီး ဒေါ်တင်တင်အေးအား အမှူးထား၍ ဦးမြင့်ဇော်- ဒေါ်နော်သီရိတင်တင်အေး၊ သမီး မပိုးအိမွန်၊ မရမ်းကုန်းမြို့နယ် (၈)မိုင် မြိုင်ဟေဝန်အိမ်ရာ တိုက် ၅ အခန်း(၉)နေဒုတိယဗိုလ်မှူးကြီးအောင်မိုး၊ ဇနီး ဒေါ်မြတ်သီတာ၊သမီး မရတနာမိုး၊ မမိုးပြည့်ပြည့်မိုး၊ ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေး ရုံ(ဃ) ဒိုင်အမှတ် (၄/၅)မှဦးသန်းဝင်း-ဒေါ်ခင်မာတို့က ကြေးပြားနှစ်ချပ်စီ၊ ဒေါက်တာ တော်တော်-ဒေါ်မီးမီး၊ စမ်းချောင်းမြို့နယ် လက်ပန်လမ်း၊တိုက် (၂၃)၊ ၅လွှာ (ဝဲယာ)နေ ဒေါ်ဖွားမေ (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)အား ရည်စူး၍ ညီမ မေသန်းအောင်၊ ပန်းဘဲတန်းမြို့နယ် အိုကေပုံနှိပ်တိုက် အနော်ရထာလမ်း အမှတ် (၂၀၉)နေ ဦးအုန်းခိုင်-ဒေါ်တင်မြိုင်၊ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်း အမှတ်(၁၃)နေ ဦးဘန်စွမ်-ဒေါ်ရှင်၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် လမ်း၄၀ထိပ်၊ အမှတ် (၃၃၇) ၇လွှာနေ ဦးစိန်မြင့်-ဒေါ်လှလှမြင့်၊ မဟာဗန္ဓုလလမ်းနှင့် လမ်း၄၀ထိပ်၊ အမှတ် (၃၃၇) နေ ဒေါက်တာဝင့်မော်-ဒေါ်စမ်းဆင့်ဆင့်သွယ်၊ မဟာဗန္ဓုလလမ်းနှင့် လမ်း၄၀ထိပ် အမှတ် (၃၃၇) ၇လွှာနေ မောင်အောင်အောင်ဦး၊ မြောင်းမြမြို့ ဘောင်ဒရီလမ်း အမှတ် ၉၅နေ ဒေါ်အုန်းကြည်၊ သား ဦးအောင်ကျော်စိုး၊ ဦးသန့်ဇင်ဝင်း-ဒေါ်အိအိသီး၊ သမီး ခင်ပုံပုံအိ၊ ကြည့်မြင်တိုင်မြို့နယ် ဗိုလ်စောဦးလမ်းအမှတ်(၆)နေ ဒေါ်ကြည်၊ ဒေါ်ခင်ရီ၊ မခန့်လေးသွယ်၊ စံပြငါးဈေး ရုံ (ဃ) ဒိုင်အမှတ် (၃၄)မှ ကိုသန်းငွေ၊ ကိုကျော်စိမ်း၊ စံပြငါးဈေး ရုံ (ဃ) ဒိုင်အမှတ် (၇)မှ ဦးတင်အုန်း-ဒေါ်ဆန်းဝင်း၊ သား အောင်ဇော်မိုး၊သမီး မစုမြတ်နွယ်၊ အလုံမြို့နယ် နှင်းဆီလမ်း အမှတ် (၇၉)နေ ဦးမြင့်သန်း-ဒေါ်ခင်စန်းမြင့်၊ ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေး ရုံ (က) ဒိုင်အမှတ် (၂၂)မှ ကိုကျော်လွင်ဦး-မမြင့်မြင့်စန်း၊ သမီး မစုစု၊ မဖြိုးဖြိုးတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။

အလှူရှင်များ လှူဒါန်းလိုပါက မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ နှင့် ၀၉-၅၁၉၅၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

# ရေရရှိရေး

**ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးလက်သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဇီးပင်လှကျေးရွာတွင် နှစ်လက်မ စက်ရေတွင်း တူးဖော်ပြီး ရေမှုတ်စမ်းသပ်နေမှုကို ဩဂုတ် ၁၄ရက်က အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုကိုတို့ ကြီးကြပ် ဆောင်ရွက်စဉ်။** (ဝ၆၄)



# ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်

**သံဖြူဇရပ် ဩဂုတ် ၁၀**

သံဖြူဇရပ်မြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှိ ကြက်သားဆိုင်များ ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

**ကျောက်တန်းမြို့နယ် တံတားမြို့ မြို့မလမ်းဘေးဝဲယာ တစ်လျှောက်တွင် အဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဇူလိုင် ၂၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးလင်းမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# ပန်းအလှကွက်များ မုဒုံမြို့၌ဆောင်ရွက်

**မုဒုံ ဩဂုတ် ၁၅**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသော မုဒုံမြို့မှ သံဖြူဇရပ်သို့အထွက် မော်လမြိုင်-သံဖြူဇရပ်ကားလမ်းမကြီးဘေးတစ်လျှောက်နှင့် မော်သံလမ်းတစ်လျှောက် လမ်းဘေးဝဲယာတို့တွင် မြေယာရှုခင်းပန်းအလှကွက်များ ဆောင်ရွက်မှုအခြေအနေကို ဩဂုတ် ၁၀ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်အေးဝါဝါတင် ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# ရွှေတောင်မြို့နယ် သံသရာအေးဆည်အတွင်း ငါးမျိုးစိုက်ထည့်

**ရွှေတောင် ဩဂုတ် ၂၅**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်က ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက် မွန်းလွဲ ၁နာရီက ရွှေတောင်မြို့နယ် ထန်းကုန်းကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ သံသရာအေးဆည်၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းဦး၊ ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ရင်ရင်မြင့်၊ ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်၊ ပြည်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမိုး၊ ထန်းကုန်းကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြပြီး ငါးမြစ်ချင်းမျိုးသစ် သုံးလက်မ သားပေါက်ကောင်ရေနှစ်သိန်းကို သံသရာအေးဆည်အတွင်းသို့ မျိုးစိုက်ထည့်လွှတ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၁၁၆)





# (၁၆)ကြိမ်မြောက် မြန်မာနိုင်ငံရဲချုပ် တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၁၇

**(၁၆)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက် မွန်းလွဲ ၁နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အားကစားခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်၊ အောက်မြန်မာပြည်မှုခင်းတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးအုန်းမြင့်၊ မန္တလေး ရဲတပ်ရင်းများ၊ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးစောလှိုင်နှင့် ရဲအရာရှိများ၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်ဦးစိန်လှိုင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်း ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်မိမိလေးနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အဖွဲ့ချုပ်ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ၊ ဘော်လီဘောဝါသနာရှင်များတက်ရောက်ကြသည်။

**အမှာစကား**

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ၂၀၀၆ခုနှစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ကြသည့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ အမျိုးသား၊ အမျိုးသမီးအသင်းတို့က ပထမဒိုင်းဆုတို့ကို ဒုတိယရဲချုပ်ထံ ပြန်လည်အပ်နှံပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြကာ အားကစားခန်းမအတွင်းမှ ပြန်လည်ထွက်ခွာပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ဒုတိယရဲချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးဘော်လီဘော ပြိုင်ပွဲ(ခ)အုပ်စုပွဲစဉ်၌ ပဲခူးတိုင်း(အရှေ့ပိုင်း)အသင်းနှင့် နရခ အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

**ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအသင်း ၂၀၊ အမျိုးသမီး ၁၁သင်းတို့မှ အားကစားသမား ၁၈၆ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ **(သတင်းစဉ်)**

# အလှူငွေနှင့် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ ပြင်ဦးလွင် နွယ်နင်းကျေးရွာ၌ ကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၁၀

**အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ရက်က ပြင်ဦးလွင်မြို့နယ် နွယ်နင်းကျေးရွာ ရတနာရာမ နွယ်နင်းကျောင်းတွင် ကျင်းပရာ ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြုသော သံဃာတော်များ၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်း၊ ဒုတိယ ဦးစီးမှူး ဒေါ်နုနုအေးနှင့် ဝန်ထမ်းများ၊ အလှူရှင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူငွေပေးအပ်ပွဲတွင် မန္တလေးမြို့ ရှမ်းပွဲရုပ်နေ ဦးစိုးလွင်-ဒေါ်မြင့်မြင့်သန်း (စင်ရော်ပလတ်စတစ်)မိသားစုက ပြင်ဦးလွင်မြို့ ရတနာမာန်အောင်ကျောင်းသုံး ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မတည်ငွေကျပ် ၁၀သိန်း၊ ရတနာရာမ နွယ်နင်းကျောင်းအတွက် အော်တိုတယ်လီဖုန်း တပ်ဆင်ရန် ကျသင့်ငွေကျပ်ခုနစ်သိန်း၊ နွယ်နင်းရွာအဝင်လမ်းမကြီးပြုပြင်ရန် ငွေကျပ်တစ်သိန်း၊ သန္တာနွယ် ဝတ်အသင်းအတွက် ငွေကျပ်တစ်သိန်း၊ ကျေးရွာအခြေခံပညာမူလတန်းကျောင်းတိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် မတည်ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

**လှူဒါန်း**

ဆက်လက်၍ နွယ်နင်းကျေးရွာ ဘ၀အလင်းရောင် စာကြည့်တိုက်အတွက် ဒုတိယအကြိမ် ငွေပဒေသာပင် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ဆက်ကပ်**

ထို့နောက် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဦးစိန်ဝင်း-ဒေါ်မွှေးမွှေး (ချမ်းစိန်ဝင်း) သားရေလုပ်ငန်းမှ ဖိနပ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

**အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော သစ်ဆိမ့်ကုန်းကျေးရွာ နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဩဂုတ် ၁၆ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်း စစ်ဆေးစဉ်။** (၀၇၄)



# ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင် ဆုရသူများအား မော်လမြိုင်မြို့၌ ဆုချီးမြှင့်

*မော်လမြိုင် ဩဂုတ် ၂၇*

*မွန်ပြည်နယ် မော်လမြိုင်မြို့နယ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမိုင်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။*

*အဆိုပါဖွင့်ပွဲသို့ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစောလှမြင့်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီရှိန်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မြင့်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်မြင့်၊ မြို့နယ် သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးတိုင်းကျော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။*

*ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ပထမ၊ဒုတိယ၊တတိယဆုရသူများအားလည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီရှိန်က နှစ်သိမ့်ဆု ရသူများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။* (၁၆၈)

**ကန့်ဘလူမြို့၌ ကျန်းမာရေးစစ်ဆေး ပညာပေးဟောပြော**

**ကန့်ဘလူ ဩဂုတ် ၁၂**

ကန့်ဘလူမြို့နယ် ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေး စစ်ဆေးရေးအဖွဲ့သည် ဇူလိုင်၂၅ရက် နံနက်က ကန့်ဘလူ အထကတွင် မူလတန်းဆင့်ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးတို့ကို စစ်ဆေးကြပြီး ညနေပိုင်းတွင် အလယ်တန်းဆင့်၊ အထက်တန်းဆင့် ကျောင်းသူ၊ကျောင်းသားများအား ကျန်းမာရေးစစ်ဆေးကာ သွေးလွန်တုပ်ကွေးရောဂါ၊ တီဘီရောဂါ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုကြောင့် ဖြစ်ပွားသောရောဂါများ၊ ဆေးလိပ်၊ ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုကြောင့် ဖြစ်တတ်သော သွားနှင့်ခံတွင်းရောဂါများကို ပညာပေးဟောပြောကြကြောင်း သိရသည်။ **(၀၅၆)**



# ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်

**ဘိုကလေး ဩဂုတ် ၁၇**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရှိ စာသင်ကျောင်းများ၊ ဈေးများနှင့်ရပ်ကွက်များအတွင်း ခြင်ဆေးများ လိုက်လံပက်ဖျန်းပေးခြင်းကို စီမံဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်များနှင့် ကျောင်းဝန်းကျင်တို့တွင် ခြင်ဆေးဖျန်းခြင်းကို လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်မျိုး ဦးဆောင်ကြီးကြပ်၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **(မြို့နယ်စည်ပင်)**



**မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းလုပ်ငန်းဖြစ်သော ကြာဖူးငုံ-လက်ပံလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း၏ အောက်ခံမြေသားပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၃ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဝင်းမြင့်နှင့်အဖွဲ့က မြေညှိစက်ဖြင့်ဆောင်ရွက်ရာ အင်ဂျင်နီယာမှူးဦးထွန်းထွန်းနိုင် ကွင်းဆင်းကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)

## ဆေးတက္ကသိုလ်(၁) ရန်ကုန်
## (၄၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ (၄၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ၂၀-၁၀-၂၀၀၇ရက် (စနေနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၉-၁၀-၂၀၀၇ ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာအောင်မြင်ပြီးသူများနှင့် ၂၀၀၆ ခုနှစ် မတ်လတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ)စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ၊ အလုပ်သင်ဆရာဝန် တစ်နှစ်တာဝန်ထမ်းဆောင်ပြီးသူများနှင့် ၂၀၀၆ခုနှစ် မေလတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ) စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး အလုပ်သင်ဆရာဝန် တစ်နှစ်တာဝန်ထမ်းဆောင်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြရမည်။

ထိုကာလမတိုင်မီက အောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

| | | |
|---|---|---|
| **ဘွဲ့နှင်းသဘင်ကြေး** | – | ၁၅၀၀ ကျပ် |
| **အဝေးရောက်ကြေး** | – | ၁၀၀၀ ကျပ် |
| **ပြင်ပဆရာဝန်များ၏ဘွဲ့နှင်းသဘင်ကြေး** | – | ၁၅၀၀ ကျပ် |
| **လျှောက်လွှာပိတ်ရက်** | – | ၁၂-၉-၂၀၀၇ ရက် |

သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံး ရိုက်ကူးထားသော (အဖြူ/အမည်း) ၁½လက်မx၂ လက်မ၊ ဓာတ်ပုံ (၂)ပုံနှင့်အတူ လျှောက်ထားကြရမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုလျှင် ဤတက္ကသိုလ်စာမေးပွဲ၊ ဘွဲ့လွန်ဌာနစု ဖုန်း-၂၅၁၀၃၂၊ ၂၅၁၀၃၇တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ခင်သန်းစိန်**
**မော်ကွန်းထိန်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်။**


ဒေါက်တာရင်ရင်ဦး
ဒေါက်တာရင်ရင်ဦး
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
ဖုန်း-၅၄၄၉၂၄
၂၁၁အနောက်မြင်းပြိုင်ကွင်းလမ်း
တာမွေမီးပွိုင့်အနီး၊ရန်ကုန်


### ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ် အထက(၅) ဆဋ္ဌမတန်း(ခ)မှ မောင်သက်စိုးထိုက်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်လင်း ဖြစ်ပါသည်။ **ဦးသန့်ဇော်လင်း ၁၂/ဥကမ(နိုင်)၁၃၉၆၈၄။**

### အမည်ပြောင်း

အဖ ဦးကျော်ဝင်း၏သား အထက (မြန်အောင်) တက္ကသိုလ်ဝင်တန်း(H)မှ မောင်ရဲကိုကိုနိုင်အား ယနေ့မှစ၍ မောင်ကိုကိုနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကိုကိုနိုင်။**

### အမည်ပြောင်း

ပင်လည်ဘူး အထက Grade XI(E)မှ ဦးမြအောင်၏သမီး မနှင်းယုယုလွင်အား မနှင်းယုလွင်ဟုပြောင်းလဲ ခေါ်ပါရန်။ **မနှင်းယုလွင်။**


**Saya Wallace** B.Sc C.S.C (AUSTRALIA)
( SPOKEN ENGLISH WITH GRAMMAR )
1. PRACTICE များအတွက် နည်းလမ်းကောင်းများရှိသည်။
2. PRACTICE ကောင်းသဖြင့် လွယ်ကူလျင်မြန်စွာတတ်သွားကြသည်။
☛ SEPTEMBER / 2007 တွင် တန်းခွဲသစ်ရှိသည်။
AIRCON ခန်းမ။ အမှတ်(၃၂)၊ (၁၉)လမ်း (အောက်)၊ လသာမြို့နယ်။ ဖုန်း-၇၀၆၅၁၉၊ ၅၅၀၃၀၄။



**M.A.E Education Centre**
Asia Plaza,Rm-535,5th flr,Bogyoke Aung San Rd, Yangon. 705158,(391106/391070 Ext:822)
I.E.L.T.S UPPER (START : 2nd SEP:)
I.E.L.T.S LOWER (START : 2nd SEP:)
FOUNDATION (START : 2nd SEP:)
PREPARE COURSE (28th August)
ENROLL NOW !
WELCOME ALL ENQUIRIES
BASIC 4 - SKILLS (START : 5th SEP:)


## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးတိုင်းတရားရုံး**
**၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၂၉၃ (အမ်)**

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ | **နှင့်** | ၁။ ဦးသီဟန် ၂။ ဒေါ်အုံးရင် |
| **တရားနိုင်** | | **တရားရှုံး** |

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၁၆၉တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် စက်တင်ဘာ၂၈ရက်၊(မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တော်သလင်းလပြည့်ကျော်၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်၊ အကွက်အမှတ်(၈/အောင်ဇေယျာ)၊ မြေကွက်အမှတ် (၁၂၂)၊ ဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ မြေနှင့် မြေပေါ်ရှိ (၂၈x၁၈)ပေရှိ နှစ်ထပ်တိုက်တွဲလျက်၊ (၉x၉)ပေရှိ မီးဖိုချောင်။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၈၀**

**ရောင်းချရန် စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဩဂုတ် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မြင့်သိန်း**
**တွဲဖက်တိုင်းတရားသူကြီး(၂)**
**မန္တလေးတိုင်းတရားရုံး။**

**၁၆-၈-၂၀၀၇ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ၁၇တွင် ဒေါ်စုစုဝင်း၏ အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍**

## ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၅)ရပ်ကွက် အနောက်ရန်ကင်း ရွှေအုန်းပင်အိမ်ရာ တိုက်အမှတ်(၁၁)၊အခန်းအမှတ်(၃၂)နေအိမ်တိုက်ခန်းမှာ မှတ်ပုံတင်အမှတ် ၁၂/ရကန (နိုင်)၀၆၀၂၅၇ ကိုင်ဆောင်သူ ဦးဌေးဦး၏ တစ်ဦးတည်းအမည်ပေါက် ပိုင်ဆိုင်နေထိုင်လျက်ရှိသော တိုက်ခန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအား စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်နှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးဌေးဦးကသာလျှင် အကျိုးခံစားခွင့် ရှိသူဖြစ်ပါသည်။ ဒေါ်စုစုဝင်းနှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးဌေးဦး မှတ်ပုံတင်အမှတ် ၁၂/ရကန(နိုင်)၀၆၀၂၅၇၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်တင်တင်ရီ (LL.B)** | **ဦးထက်နေဝင်း(LL.B)** |
| **တရားရုံးချုပ်ရှေ့နေ၊ စဉ်- ၆၄၆၄၊** | **အထက်တန်းရှေ့နေ၊စဉ်-၂၅၂၅၃၊** |
| **၁/၅၄၊ မင်းရဲကျော်စွာလမ်း** | **၁/၅၄၊ မင်းရဲကျော်စွာလမ်း** |
| **ဝေဘာဂီမြို့သစ်၊** | **ဝေဘာဂီမြို့သစ်၊** |
| **မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။** | **မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။** |


## The New Light of Myanmar သတင်းစာတိုက် အငယ်တန်းသတင်းထောက်ရာထူး နေရာ ရေးဖြေစာမေးပွဲ ကျင်းပမည့် ရက်နှင့်နေရာ ပြင်ဆင်သတ်မှတ်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက် လစာနှုန်း (၃၉၀၀၀-၁၀၀၀-၄၄၀၀၀)ရာထူး ၁၀ နေရာ၌ ဖြည့်စွက်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ် အမှတ် (၆)အခြေခံပညာအထက်တန်းကျောင်း၌ ၉-၉-၂၀၀၇ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

၆-၉-၂၀၀၇ ရက်နေ့နှင့် ၇-၉-၂၀၀၇ ရက်နေ့တို့တွင် ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၂၂/၃၂၊ ကမ်းနားလမ်း၊ (၄၃ လမ်းထိပ်)ရှိ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ စီမံရေးရာဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ယူရမည်ဖြစ်သည်။ လာရောက်ဖြေဆိုချိန်တွင် (က) ဘွဲ့လက်မှတ်မိတ္တူ၊ (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ (ဂ) ဖြေဆိုခွင့်ကတ်ပြားတို့ကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်လာရမည်။

ဖြေဆိုရမည့်အစီအစဉ်မှာ ၉-၉-၂၀၀၇ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ အင်္ဂလိပ်စာ၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ မြန်မာစာနှင့် အထွေထွေဗဟုသုတ (ပြည်တွင်း၊ ပြည်ပ) ဘာသာရပ်များဖြစ်သည်။

လျှောက်ထားသူများထံသို့ စာတိုက်မှတစ်ဆင့် အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်၍ သိရှိလိုသည်များကို နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ စီမံရေးရာဌာန ဖုန်း ၀၁-၃၉၂၂၂၅၊ ၀၁-၃၉၂၂၂၆ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။**


## မုဒုံမြို့၌ အရန်သားဖွားဆရာမ သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၈**

မွန်ပြည်နယ် မုဒုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွား ဆရာမ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

**ရှင်းလင်း**

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထားထားလွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဌေးက အရန်သားဖွားသင်တန်း ဖွင့်လှစ်သင်ကြားရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**တက်ရောက်**

အဆိုပါသင်တန်းကို ခြောက်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူ ၁၀ဦးတို့ တက်ရောက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကျေးလက်ရေကျော်တံတား ဆောက်လုပ်ရန်စစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၁**

မိတ္ထီလာမြို့နယ် သီတက္ကန်-ကြာကန်လမ်းပေါ်တွင် ရေကျော်တံတားတည်ဆောက်မည့်နေရာကို ဇူလိုင် ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးညီညီသန့်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**



**ဇူလိုင် ၂၅ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် နဒီသောင်ယံပန်းခြံအတွင်း ကြည့်ရှုစစ်ဆေးခြင်းကို အမှုဆောင်အရာရှိ ဦးမောင်မြင့်က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)


## နိုင်ငံတကာသတင်းဂျာနယ်များ မှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်-

**ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း-၂၉၂၈၃၀၊ ၂၉၁၀၄၄**

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ၁၀၀ိ/

(ဖတ်ရှုလိုသူများ နီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင် မှာယူနိုင်ပါသည်။)


**ကလေးမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၇ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလတ် ကြီးကြပ်၍ ဒုတိယဦးစီးမှူး(ဈေး) ဦးတင့်လွင်နှင့် ဒုတိယဦးစီးမှူး(စည်းကမ်း)ဦးအေးမင်းထွန်းတို့ ဦးဆောင်ပြီး အဖွဲ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက အဖွဲ့ပိုင်မော်တော်ယာဉ်များဖြင့် ဆောင်ရွက်ကြစဉ်။**

(၄၁၇)



## (၈၁)ကြိမ်မြောက် သွေးလှူဒါန်း



**ရန်ကုန် ဩဂုတ် ၂၈**

ကျန်းမာရေး ဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးမှ အလုပ်သမားမှူး ဦးမြင့်စိုး (အင်္ဂပူ) လူမှုထူးချွန်(ပထမဆင့်) **(အပေါ်ပုံ)** သည် ဩဂုတ်၁၈ရက်က မန္တလေး ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတွင် (၈၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

## ခွေးရောင်းရန်ရှိသည်


မျက်မမြင်လမ်းပြခွေးအဖြစ် အသုံးပြုနိုင်သော I.Q အမြင့်ဆုံးအဖြစ်သတ်မှတ်ထားသည့် ၄၅ ရက်သားရှိ LABRADOR RETRIVER ခွေးသားပေါက်များအား သင့်တင့်သောဈေးဖြင့် ရောင်းရန်ရှိသည်။ IMPORTအထီး၊ အမ တစ်စုံမှ ပေါက်ထားပြီး ကာကွယ်ဆေး တစ်ကြိမ်ထိုးပြီးဖြစ်သည်။
စိတ်ဝင်စားသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **ဖုန်း- ၅၀၅၆၄၂၊ ၇၂၃၀၅၄၊ ၀၉-၅၁၈၂၃၀၁။**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယမန်နေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# အမျိုးသားညီလာခံ စုံညီအစည်းအဝေးဆက်လက်ကျင်းပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန်ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ဖတ်ကြားတင်ပြ




ရန်ကုန် ဩဂုတ် ၂၈

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလုည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြသည်။

စာမျက်နှာ ၁၃ ကော်လံ ၃ ✻



အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

## အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း ဖတ်ကြားတင်ပြသည့် ‘ဥပဒေပြုရေးအခန်း’တွင် ပါဝင်သော လွှတ်တော်အဆင့်ဆင့်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်းရှိ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့် ဖတ်ကြားတင်ပြသည့် ‘ဥပဒေပြုရေးအခန်း’တွင် ပါဝင်သော လွှတ်တော်အဆင့်ဆင့်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများနှင့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခ ဖတ်ကြား တင်ပြသည့် ‘အုပ်ချုပ်ရေးအခန်း’တွင် ပါဝင်သော အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့်စပ်လျဉ်းသည့် အသေးစိတ် အခြေခံရမည့်မူများကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။